

မင်းမြတ်သုရ ရဲ့ကလောင်ခွဲ
ရွှေချမ်းသာ
ပညာရှင်သခင်မ
1200K
ဂမ္ဘီရစာပေမှာ ယနေ့အထိအောင်မြင်ဆုံးစာရေးဆရာ

ကျွန်ုပ်ဟာ ရာဇဝင်ကို စိတ်ဝင်းစားလို့ ငယ်စဉ်ကတည်းက လေ့လာဖြစ်တယ်။ ဒီလိုနဲ့ အရွက်ရောက်လာလို့ ဆရာဖြစ်စာမေးပွဲအောင်တော့ သာယာဂတီမြို့က ဆရာကြီးဦးဘလှ ကျောင်းမှာ ရာဇဝင် ဆရာဝင်လုပ်တယ်။ ရာဇဝင်ဟာ ကျွန်ုပ် ဝါသနာပါရာ ဘာသာရပ်ဖြစ်လို့ ရာဇဝင်ဆရာဖြစ်ရတာ ကျွန်ုပ်အလွန်ပျော်တယ်။ ကျေလည်းကျေနပ်တယ်။ ဆရာကြီး ဦးဘလှ ကျောင်းမှာ ကျွန်ုပ်နဲ့အတူ ဆရာ ၅ ယောက် ရှိတယ်။ ဆရာ ၅ယောက်ထဲမှာ ကျွန်ုပ်ကလွဲလို့ ကျန်ဆရာတွေအားလုံးဟာ သာယာဂတီ သုံးဆယ်မြို့သားတွေပါ။ကျွန်ုပ်ကတော့ မြေလတ်သား ဖြစ်လို့ ဆရာကြီးကျောင်းဝင်းထဲက အိမ်ကလေးထဲမှာထိုင်ပြီး ကျန်ဆရာတွေကတော့ သူတို့မြို့က အိမ်ကိုပြန်ကြတယ်။

ဆရာကြီး ဦးဘလှရဲ့ကျောင်းက ဆရာတွေဟာ အသင်အပြ ကောင်းပြီး စည်းကမ်းလည်း ကြီးတဲ့အတွက် သာယာဂတီမြို့မှာ နာမည် သတင်းကျော်ကြားတယ်။

ဆရာကြီးဟာ မိတဆိုးသားလေး မောင်နန်းဝေကို အလွန်ချစ်တယ်။ သူ့သားလေးကို လူတော်လူကောင်းဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးတယ်။ မောင်နန်းဝေလေးဟာ ဆရာကြီးရဲ့ကျောင်းမှာပဲ လေးတန်းတက်နေတယ်။ ဆရာကြီးဟာ သူ့သားဆိုပြီး ကျောင်းမှာ မျက်နှာသာမပေးဖို့ ဆရာတွေကို သေသေချာချာ မှာကြားထားပေမယ့် မောင်နန်းဝေလေးဟာ အတန်းထဲမှာ အထူးချွန်ဆုံး ဖြစ်တယ်။

တစ်ခုသော နွေရာသီ ကျောင်းပိတ်ရက်မှာ ဆရာကြီးဟာ ရုတ်တရက် နေထိုင်မကောင်း ဖြစ်လို့ ကျွန်ုပ်က ပြုစုပေးရတယ်။ ကုလား ဆရာဝန်ကြီးကိုလည်း ခေါ်ယူပြီး ပြသပေးရတယ်။ ဒါပေမယ့် ဆရာကြီးရဲ့ ကျန်းမာရေးဟာ ကောင်းလုတယ်မရှိဘဲ တစ်နေ့တစ်ခြား ဆိုးလာတယ်။ ဆရာကြီးဟာ

အိပ်ရာထဲမှာလဲပြီး ချောင်းတွေ တဟွတ်ဟွတ်ဆိုးနေတယ်။ ချောင်းဆိုးတိုင်း သွေးတွေ ပါလာတတ်တယ်။ ကုလား ဆရာဝန်ကြီးကတော့ ဆရာကြီးရဲ့အခြေအနေကို သဘောမကျကြောင်း ပြောတယ်။ တစ်နေ့မနက်မှာ ဆရာကြီးက ကျွန်ုပ်ကို သူ့အနီးခေါ်ပြီး

"ကျုပ်တော့ တမလွန်ကိုသွားရတော့မယ်၊ ဒီနေ့ နောက်ဆုံးပဲလို့ထင်တယ်"

လို့ပြောတယ်။ ကျွန်ုပ်က ဆရာကြီးရဲ့စကားကို နားမလည်ဟန်နဲ့

"နိမိတ်မရှိတာတွေ မပြောပါနဲ့ ဆရာကြီးရယ်၊

ဆရာကြီးရောဂါ သက်သာသွားမှာပါ၊စိတ်အားတင်းထားပါ"

လို့ပြောတယ်။ ဆရာကြီး ဦးဘလှက ချောင်းတဟွတ်ဟွတ် ဆိုးလိုက်ပြီး

"ကျုပ်သေရတော့မယ်ဆိုတာ သေသေချာချာ သိနေပါပြီ၊ ဒီမှာ ကိုထွန်းလှ ကျုပ်ကျောင်းက ဆရာတွေထဲမှာ ခင်ဗျားကို ကျုပ်အယုံကြည်ဆုံးပဲ။ ခင်ဗျားဟာ ရိုးသား ဖြောင့်မတ်ပြီး စိတ်သဘောထား တည်ကြည်တယ်၊ အိမ်ရာမထူထောင်ဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားမယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ကျုပ်မရှိတော့ရင် ကျုပ်သားလေးကို ခင်ဗျားစောင့်ရှောက်ပြီး ကျုပ်ရဲ့ကျောင်းကို ခင်ဗျား ဦးစီးပြီး ဆက်ဖွင့်ပါ"

လို့ပြောတော့ ကျွန်ုပ်က ဆရာကြီးကို စိတ်မကောင်းဟန်နဲ့ ကြည့်လိုက်ပြီး

"စိတ်ချပါ ဆရာကြီးရယ်၊ ဆရာကြီးသားကို ကျုပ်သားအရင်းလို သဘောထားပြီး ကြည့်ရှုစောင့်ရှောက်သွားမှာပါ၊ ဒါပေမယ့် ဆရာကြီးစိတ်ကို တင်းထားပါ၊ အားမလျော့လိုက်ပါနဲ့၊ ဆရာကြီးရဲ့ရောဂါ သက်သာသွားမှာပါ"

လို့ပြောလိုက်တော့ ဆရာကြီးက ချောင်းတဟွတ်ဟွတ်ဆိုး

လိုက်ပြန်တယ်။ ဆရာကြီးရဲ့ နှုတ်ခမ်းမှာ သွေးစတွေ ပေးနေလို့ ကျွန်ုပ်က အဝတ်နဲ့ သုတ်ပေးလိုက်ရတယ်။ ဆရာကြီးက ခဏမျှ အမောအပန်းဖြေပြီး

"ဒီညဟာ ကျုပ်ရဲ့နောက်ဆုံးညပါ၊ ကျုပ်ဘာဖြစ်လို့ သေမဲ့နေ့ကို တိတိကျကျပြောနိုင်လဲ ဆိုတော့ ကျုပ်တို့ မျိုးနွယ်တွေ သေကာနီးတစ်ရက်အလိုမှာ အိပ်မက်ထဲကို မိန်းမလှလေး တစ်ယောက် ရောက်လာပြီး ဖမ်းပန်းတနည်း ငိုကြွေးတတ်တယ်။ ဒီမိန်းမဟာ ငိုကြွေးရင်း မြောက်အရပ်ကို လက်ညှိုးညွှန်ပြီး ပျောက်ကွယ် သွားတယ်၊မနေ့ညက ကျုပ်အိပ်မက်ထဲမှာ ဒီလိုပဲ မြင်မက်တယ်၊ ဒါကြောင့် ကျုပ်သေရတော့မယ်ဆိုတာ သေသေချာချာ သိပါတယ်"

လို့ပြောတယ်။ ဆရာကြီးဟာ သူ့စကားတွေ မယုံနိုင်ဟန်နဲ့ ကြည့်နေတဲ့ ကျွန်ုပ်ကို ကြည့်ပြီး

"ကျုပ်စကားတွေဟာ
ထူးခြားဆန်းကြယ်လွန်းလို့ခင်ဗျားမယုံနိုင်ဘူးဖြစ်နေပြီ။ ဒီမှာ ကျုပ်တို့ မျိုးနွယ်တွေဟာ အင်မတန်ထူးခြားဆန်းကြယ်တယ်၊ကျုပ်တို့မျိုးနွယ် အစဉ်အဆက်ရဲ့ သမိုင်း ကြောင်းကို လွန်ခဲ့တဲ့အနှစ် ၁၀၀၀ ဝန်းကျင်အထိ တိတိကျကျ သိတယ်။ ခင်ဗျားမယုံဘူးဆိုရင် ကျုပ် ခုတင်အောက်က သေတ္တာထဲမှာ မျိုးနွယ်ဝင်မှတ်တမ်းတွေကို ကြေးပုရပိုဒ်တွေနဲ့ တိတိကျကျ ရေးမှတ်ထားတယ်၊ ကျုပ်သေရင် ပုရပိုဒ်တွေကို ဖတ်ကြည့်ပေ တော့။ ကျုပ်တို့ မျိုးနွယ်ထဲက သူရိယဆိုတဲ့ လူတစ်ယောက်ဟာ ပုဂံခေတ်မတိုင်မီက မြန်မာပြည် မြောက်ဖျားဒေသကို ရောက်သွားပြီး အလွန်ထူးခြား ဆန်းကြယ်တဲ့ လူမျိုးတွေနဲ့တွေ့ခဲ့တယ်၊ အဲဒီ လူမျိုးတွေရဲ့ဘုရင်မ ဟာ သူရိယကို နှစ်သက်တာနဲ့ ပေါင်းဖက်ဖို့ ကြံစည်တယ်၊ ဒါပေမယ့် သူရိယမှာ နန္ဒမာလာဆိုတဲ့ ဇနီးသည်ရှိတဲ့အတွက် ဘုရင်မရဲ့ မေတ္တာကို လက်ခံလို့မရဘူး။ ဘုရင်မဟာ သူလိုချင်တာ မရတဲ့ အတွက် အမျက်တော်ရှပြီး ကျုပ်တို့မျိုးနွယ်ဝင် သူရိယဆိုတဲ့လူကို သတ်ပစ်ခဲ့တယ်။ နန္ဒမာလာဟာ လင်ဖြစ်သူ သူရိယသေဆုံးပြီး

သူ့ကို အကျဉ်းချထားရာက ဘုရင်မအလစ်အငိုက်မှာ ထွက်ပြေးလာခဲ့တယ်။ နောက်တော့ နန္ဒမာလာမှာ သေဆုံးသွားတဲ့ ယောကျ်ား သူရိယရဲ့ ကိုယ်ဝန် ပါလာပြီး ကမ္ဘောဇအရပ်မှာ သားယောကျ်ားလေးတစ်ယောက် မွေးဖွားခဲ့တယ်။ အဲဒီ ယောကျ်ားလေးကနေ မျိုးနွယ်ဝင်တွေ တစ်ယောက်ပြီး တစ်ယောက် ပေါက်ဖွားလာခဲ့တာ နောက်ဆုံးတော့ ကျုပ်နဲ့ကျုပ်သားပဲကျန်တော့တယ်။ ကျုပ်ပြောတဲ့ အကြောင်းအရာတွေက ထူးခြားဆန်းကြယ်လွန်း လို့ ပုံပြင်ဒဏ္ဍာရီလို့ ထင်ကောင်းထင်မယ်၊ ဒါမှမဟုတ် သေကာနီး လူတစ်ယောက် ကယောင်ချောက်ချား ပြောသွားတယ်လို့ ယူဆကောင်း ယူဆမယ်၊ ဒါပေမယ့် ကျုပ်မှာ ခိုင်မာတိကျတဲ့ သက်သေရှိတယ်။ ကျုပ်ခုတင်အောက်က သေတ္တာထဲမှာ ကြေးပုရပိုဒ်တွေ ရှိတယ်၊ ဒီပုရပိုဒ်တွေကို ကျုပ်တို့ မျိုးနွယ် အဆက်ဆက်ရေးမှတ်ပြီး လက်ဆင့်လမ်းလာခဲ့ကြတာ ပါ။ ကျုပ်တို့မျိုးနွယ်ဝင်တွေဟာ ဘုရင့်ရဲ့မင်းမှုထမ်းဖြစ်လိုက်၊ ကုန်သည်ပွဲစားဖြစ်လိုက်နဲ့ တစ်ဆင့်ပြီး တစ်ဆင့် လက်ဆင့်ကမ်းလာခဲ့ရာက ကျုပ်အဖေရဲ့လက်ထက်မှာကုန်သည်ပွဲစားဖြစ်ခဲ့ တယ်၊ ကျုပ် ငယ်စဉ်က အိုင်အေတန်းအောင်တော့ သေတ္တာထဲက ကြေးပုရပိုဒ်တွေကို ဖတ်ပြီး စွန့်စားလိုစိတ် ရှိတာနဲ့ မြောက်ဖျားဒေသကို ခရီးထွက်ခဲ့သေးတယ်၊ ဒါပေမယ့် ကျုပ် အကြံအစည် မအောင်မြင်ဘဲ မြန်မာပြည်ခဲ့ရတယ်၊နောက်တော့ မောင်နန်းဝေရဲ့ အမေနဲ့ အိမ်ထောင်ကျပြီး ကျုပ်မိန်းမဟာ မီးတွင်းမှာပဲ အသက်ဆုံးခဲ့ရတယ်၊ ကျုပ်မိန်းမသေတော့ ကျုပ်လည်း အလွတ်ပညာသင်ကျောင်း လေးထောင်ပြီး နေခဲ့တာ ဒီနေ့အထိပါပဲ။ ဟော…အခုတော့ ကျုပ်လည်း ကျုပ်မိန်းမရှိရာ တမလွန်ဘဝကို လိုက်သွားရတော့မယ်၊ ကျုပ်သားလေး မောင်းနန်းဝေရဲ့နောင်ရေး အတွက် ခင်ဗျားလက်ကို အပ်ခဲ့ပါရစေဗျာ။ မောင်နန်းဝေကို မတောင့်မတ မွေးမြူနိုင်ဖို့အတွက် ရွှေဒင်္ဂါးတွေကို ထုခွဲရောင်းချပြီး စားသောက်နိုင့်တယ်ဗျာ။ အရေးအကြီးဆုံးမှာ ချင်တာက မောင်နန်းဝေ အသက် ၂၅ နှစ်ပြည့်တဲ့အချိန်မှာ သေတ္တာထဲက ကြေးပုရပိုဒ်တွေကိုပြပြီး ပုရပိုဒ်ထဲက အညွှန်းအတိုင်းမြောက်ဖျားဒေသကို လိုက်ရမယ်၊ မောင်နန်းဝေမလိုက်လိုဘူးဆိုရင်

တော့ သူက မွေးတဲ့သားထဲက အကြီးဆုံးသားကို ပုရပိုဒ်တွေ ပေးလိုက်ရမယ်၊ ကျုပ်ပြောတဲ့စကား တွေကို ခင်ဗျား သေသေချာချာမှတ်မိတယ်မဟုတ်လား”

လို့မေးမြန်းတယ်။

ကျွန်ုပ်လည်း အလွန်ထူးဆန်းတဲ့ စကားတွေကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ခေါင်းညိတ် လိုက်ပြီး

“ဆရာကြီးပြောတဲ့အကြောင်းအရာတွေက ထူးဆန်းလိုက်တာဗျာ၊ ကျုပ်တစ်သက်မှာ တစ်ကြိမ်တစ်ခါမှ မကြားခဲ့ဖူးဘူး၊ဒါပေမယ့် ဆရာကြီး စိတ်မပူပါနဲ့၊ ဆရာကြီးပြောတဲ့အတိုင်း အတိအကျ လိုက်နာပါမယ်လို့ ကျွန်တော် ကတိပေးပါတယ်”

လို့ပြောလိုက်တယ်။

ဆရာကြီးဟာ ကျွန်ုပ်ရဲ့ကတိစကားကြောင့် စိတ်ကျေနပ်သွားဟန်နဲ့ မျက်လုံးစုံမှိတ်ပြီး အမောဖြေနေတယ်။

ဒီအချိန်မှာ အနီးပတ်ဝန်းကျင်မှာ ဆော့ကစားနေတဲ့ မောင်နန်းဝေဟာ ဘောလုံးလေး ပိုက်ပြီး အနီးကိုရောက်လာတယ်။ ကျွန်ုပ်ဟာ ဖခင်ရဲ့ နောက်ဆုံးအချိန်ကို မောင်နန်းဝေသိရင် စိတ်ထိခိုက်မှာ စိုးရိမ်တဲ့အတွက် ခြံထဲမှာဆော့ကစားနေဖို့ပြောလိုက်တယ်။ ဆရာကြီး ဦးဘလှဟာ မောင်နန်းဝေခြံထဲမှာ ဆော့စကားနေတာကို နောက်ဆုံးအနေနဲ့ တဂကြီး ကြည့်ရှုရင်း

“ကျုပ်သားလေးရဲ့အသက်က ငယ်ရွယ်လွန်းလှတယ်၊ လူ့လောကထဲကနေ ကျုပ် ထွက်သွားတာ ရက်စက်ရာများ ကျနေမလားဗျာ”

လို့ပြောတယ်။ ကျွန်ုပ်လည်း ဆရာကြီး စိတ်မကောင်းဖြစ်မှာစိုးလို့ ကလေးကို သူ့ကိုယ်စား။ ဖခင်ရင်းတစ်ယောက်လိုသေသေချာချာ

ဂရုစိုက်မှဲ့အကြောင်း ကတိတွေ အပြန်ပြန်အလှန်လှန်ပေး မိတယ်၊ဆရာကြီးဟာ ကတိစကားတွေကြားရတော့ စိတ်သက်သာရာရဟန်နဲ့ မျက်လုံးမှိတ်ပြီး ငြိမ်သက်နေရာကနေ နောက်ဆုံးချောင်းတဟွတ်ဟွတ်ဆိုးရာက သွေးတွေအန်ပြီး အသက်ဆုံးရှုံး ရှာတယ်။

ကျွန်ုပ်ဟာ ထူးခြားဆန်းကြယ်တဲ့ မျိုးနွယ်ဝင်ဆရာကြီး ဦးဘလှရဲ့ နောက်ဆုံးခရီး ကိုကြည့်ပြီး သူ့ကိုယ်စား ကျွန်ုပ်ထမ်းဆောင်ရမယ့် တာဝန်တွေကို တွေးပြီး ရင်မောနေမိတယ်။

ကျွန်ုပ်ဟာ ဆရာကြီးသေဆုံးပြီးတဲ့နောက်ပိုင်း ဆရာကြီးရဲ့ ကျောင်းကို ဦးစီးပြီး ဆက်လက်လုပ်ကိုင်ခဲ့တယ်။ ဆရာကြီးရဲ့သားလေးမောင်နန်းဝေကိုလည်း ကျွန်ုပ်ရဲ့သားအရင်းလို သဘောထားပြီး ချစ်ခင်ကြင်နာခဲ့တယ်။

ကျွန်ုပ်ဟာ ဆရာကြီးမသေမီမှာကြားသွားခဲ့တဲ့ သူတို့မျိုးရိုး စဉ်ဆက် အကြောင်းကို မကြာခဏတွေးတောပြီး အံ့သြတကြီး ဖြစ်ခဲ့တယ်။ သာမန် မျိုးနွယ်ဝင်တို့အနေဖြင့် မိမိတို့ မျိုးရိုးစဉ်ဆက်ကို နှစ်ဆက် သုံးဆက်ထက်ပိုပြီးမသိနိုင်ဘူး။

ဆရာကြီးတို့ မျိုးနွယ်ဝင်တွေကတော့ နှစ်ပေါင်း ၁၀၀၀ တိုင်တိုင်သူတို့မျိုးရိုးစဉ်ဆက်ကို ပြောဆိုနိုင်ခဲ့တယ်။ သူတို့မျိုးရိုးစဉ်ဆက် အကြောင်းကို ကြေးပုရပိုဒ်ထဲမှာ တိတိကျကျ ရေးထိုးထားခဲ့တယ်။ ကျွန်ုပ်ဟာ ဆရာကြီး သေဆုံးပြီးတော့ ဆရာကြီးမှာကြားတဲ့အတိုင်း သေတ္တာထဲက ကြေးပုရပိုဒ်တွေကို ဖတ်ရှုချင်စိတ်တွေ တဖွားဖွားဖြစ် ပေါ်လာခဲ့တယ်။ ဒါပေမယ့် ကျွန်ုပ်စိတ်ကို ထိန်းပြီး မောင်နန်းဝေ အသက် ၂၅နှစ်ပြည့်ကာမှ ဆရာကြီးရဲ့သေတ္တာကို ဖွင့်ပြီး ကြေးပုရပိုဒ်တွေကို အတူတကွ ဖတ်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဆရာကြီးဟာ ကျွန်ုပ်တို့နောင်ရေးအတွက် သေတ္တာထဲမှာ ရွှေဒင်္ဂါးပြား

တွေထားခဲ့တယ် ဆိုတယ်။ ဒါပေမယ့် ကျွန်ုပ်တို့ စားဝတ်နေရေးအတွက် ကျောင်းကရတဲ့ပိုက်ဆံနဲ့ လုံလောက်နေတဲ့ အတွက် ဆရာကြီးရဲ့ ရွှေဒင်္ဂါးတွေကို လက်ဖျားနဲ့မထိခဲ့ဘူး။ ကျွန်ုပ်ဟာ မောင်နန်းဝေလေးကို ထိန်းကျောင်းဖို့အတွက် ကလေးထိန်းတစ်ယောက်ကို ခေါ်ဖို့ဆုံးဖြတ်လိုက်တယ်။ ဒီလိုကလေး ထိန်းခေါ်ရာမှာ မိန်းကလေးကို ခေါ်ရင် မောင်နန်းဝေ အရွယ်ရောက်လာပြီး ကလေးထိန်းကို ခင်တွယ်သွားမှာ စိုးတဲ့အတွက် ယောကျ်ားကလေးထိန်းကိုသာ ရှာဖွေခဲ့တယ်။

ဒီလိုရှာဖွေရင်းနဲ့ အညာဘက်က ရောက်လာတဲ့ လိပ်ပုဆိုတဲ့ လူငယ် တစ်ယောက်ကို ကလေးထိန်းအဖြစ်ရရှိခဲ့တယ်။ လိပ်ပုဟာ ရိုးသားပြီး ဆွေမဲ့မျိုးမဲ့ဖြစ်တဲ့အတွက် ကျွန်ုပ်တို့အိမ်မှာ တစ်သက်လုံး ပျော်ရွှင်စွာ နေထိုင်သွားမယ်လို့ မျှော်လင့်ခဲ့တယ်။ ကျွန်ုပ်မျှော်လင့်တဲ့ အတိုင်း လိပ်ပုဟာ မောင်နန်းဝေကို ညီအရင်းတစ်ယောက်လို ချစ်ပြီး ကျွန်ုပ်ကိုလည်း အစ်ကိုကြီး တစ်ယောက်လို သဘောထားနိုင်ခဲ့တယ်။ ဒီလိုနဲ့ မောင်နန်းဝေဟာ တဖြည်းဖြည်း အရွယ်ရောက်လာခဲ့တယ်။ မောင်နန်းဝေရဲ့ ထူးခြားချက်ကတော့ အသားအရေ ဖြူစင်ဝင်းပပြီး ဥပမိရုပ် အလွန်ကောင်းလို့ တွေ့မြင်သူတိုင်းက မောင်နန်းဝေရဲ့ ရုပ်ရည်ကို ချီးကျူးခဲ့ကြတယ်။

မောင်နန်းဝေ လူပျိုပေါက်အရွယ်မှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေလို့ ကျွန်ုပ်အတော် ထိမ်းခဲ့ရတယ်။ ဒါပေမယ့် မောင်နန်းဝေဟာ ရုပ်ရည်ချောမောလှပတဲ့ ခပ်ညံ့ညံ့ယောကျ်ားတွေလို မိန်းကလေးတွေနဲ့ ရှုပ်ပွေဖို့ ဝါသနာမရှိဘဲ ကိုယ်ခံပညာ တစ်ရပ်ရပ်ကို သာသင်ယူချင်ကြောင်း ပြောတယ်။ ကျွန်ုပ်ဟာ မောင်နန်းဝေအရွယ်ရောက်လာရင် ဖခင်ရဲ့ ဆန္ဒအတိုင်း စွန့်စားခန်း ခရီးထွက်တဲ့အခါ ကိုယ်ခံပညာ လိုအပ်တဲ့အတွက် ရှမ်းဆရာကြီး တစ်ယောက်ကိုပင့်ပြီး သိုင်းပညာသင်ကြားပေးခဲ့တယ်။ ဒ့ါအပြင် မောင်နန်းဝေ အနာဂတ်မှာ လိုအပ်လာမယ်လို့ ယူဆတဲ့အတွက်

မြန်မာစာအပြင်ပါဠိဘာသာကိုလည်း သင်ကြားပေးခဲ့တယ်။ မောင်နန်းဝေ ဟာ ဉာဏ်သွေးကောင်းပြီး ကျောင်းပညာကို စိတ်ဝင်စားတဲ့ အတွက် တစ်နှစ် တစ်တန်းမှန်မှန် အောင်ခဲ့တယ်။ မောင်နန်းဝေ ကောလိပ် ကျောင်းတက်တဲ့အခါ ကျွန်ုပ်က ရန်ကုန်မြို့ စမ်းချောင်းဘက်မှာ အိမ်ကလေးတစ်လုံး ငှားရမ်းပေးခဲ့တယ်။ သူ့ရဲ့အထိန်းတော် လိပ်ပုဟာ မောင်နန်းဝေကို မခွဲနိုင်ဘူးဆိုပြီး ရန်ကုန်မြို့မှာ မောင်နန်းဝေနဲ့ အတူ လိုက်နေခဲ့တယ်။ ဒီလိုနဲ့ မောင်နန်းဝေရဲ့ ကောလိပ်ကျောင်းပြီးဆုံးခဲ့ပါတယ်။

မောင်နန်းဝေ ကောလိပ်ကျောင်းပြီးလို့ အသက်(၂၅)နှစ်ပြည့်မြောက်တဲ့အချိန်မှာ ဆရာကြီး ပေးတဲ့ သေတ္တာကြီးကို ဖွင့်ဖို့ကြံစည်ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက မောင်နန်းဝေဟာ သူ့ဖခင်ကြီး မှာကြားခဲ့တဲ့အကြောင်းအရာတွေကို သိရှိပြီးခဲ့ပြီးဖြစ်တယ်။ မောင်နန်းဝေ ဟာ ကျွန်ုပ်စကားကို နားထောင်ပြီးကတည်းက သေတ္တာထဲက အကြောင်းအရာတွေ ကို ဖတ်ရှုဖို့ အလွန်စိတ်အား ထက်သန်နေခဲ့တယ်။ ဒီလိုနဲ့ ကျွန်ုပ်တို့ဟာ ဗီရိုကြီးထဲမှာ နှစ်ပေါင်းများစွာသိမ်းဆည်းထားတဲ့ သေတ္တာကြီးကိုဖွင့်ဖို့ အချိန်ရောက်ပါပြီ။ ကျွန်ုပ်တို့နဲ့ အတူ မောင်နန်းဝေရဲ့ အထိန်းတော်လိပ်ပုလည်း ရှိနေပါတယ်။

လိပ်ပုဟာ ဒီလိုနေ့မျိုးမှာ သူ့ကို အနီးမှာခေါ်ပြီး အသိအမှတ်ပြုတဲ့အတွက် ဂမ်းမြောက် ဂမ်းသာဖြစ်နေပုံရတယ်။ ကျွန်ုပ်တို့ဟာ အလွန်စိတ်လှုပ်ရှားစွာနဲ့ သေတ္တာကြီးကို စားပွဲပေါ်ကို တင်လိုက်ကြတယ်။

နောက်တော့ ဆရာကြီးပေးခဲ့တဲ့သော့နဲ့သေတ္တာမှာခတ်ထားတဲ့ သော့ခလောက်ကြီးကို ဖွင့်ဖို့ကြိုးစားကြတယ်။

ဒါပေမယ့် သော့ခလောက်ဟာ ဆွေးမြေ့နေလို့ လွယ်လွယ်ကူကူ မပွင့်ဘူး။ ကျွန်ုပ်တို့အားလုံး စိတ်လှုပ်ရှားစွာနဲ့ ခက်ခက်ခဲခဲ ဖွင့်လိုက်တော့မှ သော့ခလောက်ဟာ ချောက်ခနဲ ပွင့်သွားတယ်။ ကျွန်ုပ်တို့ဟာ

သော့ခလောက်ပွင့်သွားတော့ သေတ္တာကို စိတ်ဇောကြီးစွာနဲ့ဖွင့် လိုက်ကြတယ်။

ဒါပေမယ့် သေတ္တာက နှစ်ပေါင်းများစွာကြာပြီး သံချေးတွေနဲ့ ကပ်နေတဲ့အတွက် သံတူရွင်း တစ်ချောင်းနဲ့ ကော်လိုက်တော့မှ သေတ္တာပွင့်ထွက်သွားတယ်။ ကျွန်ုပ်တို့ဟာ သေတ္တာပွင့်သွား တာနဲ့ ခေါင်းချင်းဆိုင်ပြီး အထဲကို ကြည့်လိုက်တယ်။ ဒီအခါ သေတ္တာထဲမှာ အလွန် အရည်အသွေးကောင်းတဲ့ ပတ္တမြားလက်စွပ်တစ်ကွင်း၊ လူဦးခေါင်းခွံတစ်လုံးနဲ့ ဖယောင်းလုံးကြီး တစ်လုံး၊ဆရာကြီးက သားဖြစ်သူကို ရေးထားတဲ့ စာတစ်စောင်ကိုတွေ့ရတယ်။

ထူးခြားတာတစ်ခုက လူ့ဦးခေါင်းခွံရဲ့ ပါးစပ်မှာ ကြေးပုရပိုဒ်တစ်ချပ်ကို ကိုက်ထားတဲ့ ပုံစံမြင်တွေ့ရတယ်။ လိပ်ပုဟာ ဦးခေါင်းခွံကြီးကို ကြည့်ပြီး သတ္တိနည်းသူပီပီ “အမလေး” လို့အော်ဟစ်လိုက်တယ်။

ကျွန်ုပ်ဟာ လူဦးခေါင်းခွံကိုယူပြီး နမ်းကြည့်လိုက်တဲ့အခါ ထူးခြားတဲ့အနံ့တစ်မျိုးကိုရတယ်။ လူဦးခေါင်းခွံကို ကြာကြာခံအောင် ဆေးစိမ်ထားပုံရသည်။

မောင်နန်းဝေဟာ ဖခင်ဖြစ်သူက သူ့ကို ရေးသားထားတဲ့ အညိုရောင်စာအိတ်ကြီးကို ကောက်ယူပြီး ဖတ်ချင်ဟန်နဲ့ ကျွန်ုပ်ကို လှမ်းကြည့်တယ်။ ကျွန်ုပ်က ဖတ်ခွင့်ပြုကြောင်းခေါင်းညိတ် ပြလိုက်တယ်။ဒီအခါမှာ မောင်နန်းဝေဟာ စိတ်လှုပ်ရှားဟန်နဲ့ အညိုရောင်စာအိတ်ကို ဖွင့်လိုက် တယ်။

လူကလေးမောင်နန်းဝေ

လူကလေးအသက် ၂၅ နှစ်ပြည့်တဲ့ အချိန်ကို ရောက်ပြီပေါ့။လူကလေး ၂၅နှစ်ပြည့်တဲ့ အချိန်မှာ အဖေကတော့ ဘဝသစ်ပါးကို ကူးပြောင်းသွားပါပြီ။ ဒါပေမယ့် အဖေ သေတယ်လို့ မမှတ်ပါနဲ့။ အဖေဟာ လူကလေးအနားမှာ အမြဲရှိပြီး စောင့်ရှောက်နေတယ်လို့ မှတ်ပါ။ ဆရာကိုထွန်းလူကလည်း အဖေတို့

မျိုးရိုးစဉ်ဆက် အကြောင်းကို လူကလေးသိအောင် ပြောပြပြီးထင်ပါတယ်။ အဖေတို့ မျိုးရိုးအကြောင်းကို ကြေးပုရပိုဒ်တွေမှာ တိတိကျကျ ရေးထိုးထားတယ်။ သေတ္တာထဲက လူဦးခေါင်းခွံဟာ အဖေတို့ မျိုးရိုး အဆက်အနွယ်ဖြစ်တဲ့ နန္ဒမာလာရဲ့ ဦးခေါင်းခွံဖြစ်တယ်။ အဖေ့လက်ထက်တုန်းက မင်းရဲ့ အဘိုးဆီက ကြေးပုရပိုဒ်တွေကို ရလိုက်ပြီးနောက် ပုရပိုဒ်ထဲက အကြောင်းအရာတွေကို ယုံကြည်တဲ့အရပ်ကို ခရီးနှင်ခဲ့တယ်။ ဒါပေမယ့် အဖေ့ရဲ့ခရီးဟာ ဘေးအန္တရာယ်အမျိုးမျိုးကြောင့် မအောင်မြင်ဘဲပြန်လာ ခဲ့ရတယ်။ အလောင်းမင်းတရားကြီးလက်ထက်တုန်းက အဖေတို့ အဆက်အနွယ်တစ်ယောက်ဟာ မြောက်စွန်းဒေသကို ခရီးထွက်ခဲ့သေးတယ်။ ဒါပေမယ့် ဘေးရန် အန္တရာယ်တွေကြောင့် မအောင်မြင်ဘဲ ပြန်လာခဲ့ရတယ်။ မြောက်စွန်းဒေသမှာ အဖေကြုံတွေ့ခဲ့တဲ့ အတွေ့အကြုံတွေကို ဒီစာထဲမှာ အကျဉ်းချုပ်ပြီး ရေးသားခဲ့တယ်။ မြောက်စွန်းဒေသက နှင်းဖုံးတောင်တွေကို ကျော်ပြီးရင် အလွန်ရက်စက်ကြမ်းကြုတ်တဲ့ လူပုမျိုးနွယ်ဝင်တွေရဲ့ အန္တရာယ်ကြီးနဲ့ကြုံတွေ့ ရတယ်။ လူပုမျိုးနွယ်တွေရဲ့ အန္တရာယ်ကြီးနဲ့ကြုံတွေ့ရတယ်။ လူပုမျိုးနွယ်တွေရဲ့အန္တရာယ်ကြီးနဲ့ ကြုံတဲ့ လူပုမျိုးနွယ်ဝင်တွေရဲ့ အန္တရယ်ကြီးနဲ့ကြုံတွေ့ရတယ်။ လူပုမျိုးနွယ်တွေရဲ့အန္တရယ်တွေ လွန်မြောက်ပြီးရင် လူဦးခေါင်းနဲ့ သဏ္ဍာန်တူတဲ့ တောင်ကြီးတစ်လုံးကို တွေ့ရလိမ့်မယ်။ ဒီတောင်ကြီးကို လွန်မြောက်ပြီးရင် ရွှံ့နွံအထိ ဖုံးလွှမ်းတဲ့ လွင်ပြင်ကျယ်ကြီးကို မျက်စိတစ်ဆုံး တွေ့မြင်ရမယ်။ ရွှံ့နွံတွေရဲ့နောက်မှာ အလွန်မြင့်မားတဲ့ တောင်ကြီးတွေ တစ်တောင်ပြီးတစ်တောင် ဆက်နေတယ်။ ဒီတောင်ကြီးတွေရဲ့အလည်မှာ လူရိုင်းတွေကို အုပ်ချုပ်တဲ့ တန်းခိုးရှင် ဘုရင်မတစ်ဦးရှိနေတယ်။ ဘုရင်မဟာ အသိဉာဏ်ရှိတဲ့ လူတွေသာမကဘူး။ ဒီအရပ်မှာ ရှိတဲ့ တိရစ္ဆာန်တွေကိုတောင် စေခိုင်းနိုင်တယ်လို့ သိရတယ်။ တန်းခိုးရှင်ဘုရင်မဟာ နတ်သမီးသမျှ ချောမောလှပတယ်လို့ ဆိုတယ်။ သူဟာ အဖေတို့မျိုးရိုးစဉ်ဆက် ရှာဖွေခဲ့တဲ့ ပညာရှင်သခင်မ ဆိုတာ

သေချာသွားတယ်။ ဒါကြောင့် ဘေးအန္တရာယ်အမျိုးမျိုးကိုကျော်ဖြတ်ပြီး ဘုရင်မကို မရရအောင်ရှာဖွေခဲ့တယ်။ဒါပေမယ့် ဒေသခံ လူရိုင်းတွေရဲ့ နှောက်ယှက်မှုကြောင့် အဖေတို့ခရီး မအောင်မြင်ဘဲ နောက်ဆုတ်ခဲ့ရတယ်။ ဒီလိုနဲ့ အဖေလည်း အောက်ပြည်ကိုပြန်ပြီး မင်းအမေနဲ့ အကြောင်းပါခဲ့တယ်။မင်းအမေဟာ မီးတွင်းထဲမှာပဲ အသက်ဆုံးခဲ့ရတယ်။ မင်းအမေဆုံးပြီးတော့ အဖေဟာသာယာဝတီမြို့မှာပဲ အလွတ်ပညာသင်ကျောင်းလေးဖွင့်ပြီး အသက်မွေးခဲ့ရတယ်။ ဒီနေ့ လူကလေး ၂၅နှစ်ပြည့်ပြီဆိုတော့ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ရှိပြီး လူကလေး အနေနဲ့ အဖေတို့ မျိုးရိုးစဉ်ဆက် ယုံကြည်ခဲ့တဲ့ ပညာရှင်သခင်မအကြောင်းကို ဒဏ္ဍာရီလို သဘောထားပြီး မြောက်ဖျားဒေသကို မသွားလိုက မသွားဘဲနေနိုင်တယ်။ ဒီအတွက် အဖေ အပြစ် မတင်ပါဘူး။ အဖေတို့မျိုးရိုးစဉ်ဆက်စကားကို ယုံကြည်ပြီးမြောက်ဖျားဒေသကို စွန့်စွန့်စားစားသွား မယ်ဆိုရင် လူကလေးတစ်သက်မှာ သာမန်လူတွေကြုံတွေ့နိုင်ခဲတဲ့ အတွေ့အကြုံတွေကို ကြုံ တွေ့ရမယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အထူးဆန်းဆုံးအရာတွေနဲ့ ရင်ဆိုင်ရမယ်။ အဖေ့ရဲ့အတွေ့အကြုံ တွေအရ မြောက်ဖျားဒေသနှင်းဖုံးတောင်တန်းတွေဆီမှာ ပညာရှင်သခင်ကဆိုတာ အမှန်တကယ် ရှိလိမ့်မယ်လို့ ယုံကြည်တယ်။ အဖေ့စကားကို လူကလေး နားထောင်ပြီး ပညာရှင်သခင်မကို မ တွေ့တွေ့အောင် ရှာရမယ်လို့ မဆိုလိုပါဘူး။ လူကလေးဆန္ဒအတိုင်းလုပ်လိုက လုပ်နိုင်တယ်၊ မ လုပ်လိုက လူကလေးသဘောပါပဲ။ လူကလေး မလုပ်လိုဘူးဆိုရင် လူကလေးမွေးတဲ့ အကြီးဆုံး သားကို ပုရပိုဒ်တွေပါတဲ့သေတ္တာကို ပေးအပ်လိုက်ပါ။

လူကလေးကို အမြဲထာဝရစောင့်ရှောက်နေမဲ့ *(အဖေ)*

စာဆုံးသွားတဲ့အခါ မောင်နန်းဝေဟာ ကျွန်ုပ်ကို အလွန်စိတ်လှုပ်ရှားဟန်နဲ့ကြည့်ပြီး

“ဦးလေး. . .ဒီစာကို ဘယ်လိုထင်သလဲ”

လို့မေးမြန်းတယ်။

ကျွန်ုပ်က ခေါင်းခါယမ်းလိုက်ပြီး

"မင်းအဖေ သေခါနီး မှာ ကယောင်ချောက်ချားနဲ့ ရေးသွားတဲ့စာလို့ပဲထင်တယ်"

လို့ပြောလိုက်တော့ မောင်နန်းဝေဟာ ကျွန်ုပ်ကို စကားမတုံ့ပြန်တော့ဘဲ သေတ္တာထဲမှာပါ လာတဲ့ဖယောင်းလုံးကြီးကို ယူကြည့်တယ်။ ပြီးတော့ ကျွန်ုပ်ဘက်ကိုလှည့်ပြီး

"ဖယောင်းလုံးကြီးက ဘယ်သဘောလဲဦးလေး"

လို့မေးမြန်းတယ်။

ကျွန်ုပ်က ဖယောင်းလုံးကြီးကို ကိုင်ဆကြည့်လိုက်တော့ အနည်းငယ် အလေးချိန် စီးနေတာကို တွေ့ရတယ်။ ဒါကြောင့် မောင်နန်းဝေဘက်ကိုလှည့်ပြီး

"အထဲမှာ တစ်ခုခုရှိမယ်ကွ"

လို့ပြောလိုက်တယ်။ပြီးတော့ အနီးမှာ ထိတ်လန့်ပြီးရပ်ကြည့်နေတဲ့ လိပ်ပုကို မောင်းချဓား ယူခိုင်းလိုက်တယ်။ မောင်းချဓားရတာ တော့ ဖယောင်းလုံးကြီးရဲ့အပေါ်ယံ ဖယောင်းသားတွေကို ဓားနဲ့လှီးကြည့်တဲ့အခါ ဖယောင်းသားများ အောက်မှာ အဝတ်စတစ်စကိုတွေ့ရတယ်။ ဒီအဝတ်စကို ဖြေကြည့်လိုက်တော့ ဖယောင်းတွေ သုတ်လိမ်းထားတဲ့ကြေးသေတ္တာလေးတစ်လုံးကို တွေ့ရပြန် တယ်။ မောင်နန်းဝေဟာ ကြေးသေတ္တာကိုမြင်တော့ စိတ်ဇောကြီးစွာနဲ့ ကျွန်ုပ်လက်က လုပြီး ဖွင့်ကြည့်လိုက်တော့ အထဲမှာ ကြေးပုရပိုဒ်တွေကို တွေ့ရတယ်။ ကြေးပုရပိုဒ်ထဲမှာ ရေးထားတဲ့စာတွေဟာ ပါဠိစာတွေဖြစ်နေလို့ ကျွန်ုပ်တို့နှစ်ယောက်စလုံးကောင်းကောင်းဖတ်တတ် တယ်။ ဒါကြောင့်

ပုရပိုဒ်တွေကို ခေါင်းချင်းဆိုင်ပြီးဖတ်လိုက်ကြတယ်။

ကျွန်ုပ်ဟာ ပုဂံခေတ်က ကုန်သည်ကြီးတစ်ဦးရဲ့သမီး နန္ဒမာလာဖြစ်တယ်။ ကျွန်ုပ်ဟာ သူရိယဆိုတဲ့ အရည်းကျောင်းက ကျောင်းသားတစ်ယောက်နဲ့ ချစ်ကြိုက်မိရာက အရှည်းကြီး တွေရဲ့ ရန်ငြိုးဖွဲ့ခြင်းခံရပြီး ကျွန်ုပ်တို့ချစ်သူနှစ်ဦးကို လိုက်လံတိုက်ခိုက်ခြင်ခံရပါတယ်။ ကျွန်ုပ်တို့ဟာ မြောက်စွန်းဒေသက နှင်းဖုံးတောင်းတန်းတွေဆီကို အသက်လုပြီး ပြေးတော့မှ ရန်သူတွေ လက်က လွတ်ကင်းခဲ့တယ်။
နှင်းဖုံးတောင်တန်းတွေရောက်တော့ အလွန်ထူးခြားဆန်းကြယ်တဲ့ အရာတွေကို မြင်တွေ့ခဲ့တယ်။ မြောက်စွန်းဒေသက ရေခံတောင်တွေမှာ လူရိုင်းတွေ့ခဲတယ်။ မြောက်စွန်းဒေသက ရေခဲတောင်တွေမှာလူရိုင်းတွေနေတဲ့ တိုင်းပြည်တစ်ပြည်ရှိတ်ယ။ ဒီလူရိုင်း တွေကို အုပ်ချုပ်တဲ့ မိန်းမကတော့ လူသားစစ်စစ် မဟုတ်ဘဲ နတ်မိမယ်တစ်ပါးဖြစ်တယ်။ ဘုရင်မဟာ နတ်မိမယ်တစ်ပါးပီပီ မြင်သူငေးလောက်အောင် ချောမောလှပတယ်။ ဘုရင်မဟာ လူရိုင်းတွေအလယ်မှာထီးထီးကြီးရှိနေတဲ့ ကျွန်ုပ်ယောကျ်ားသူရိယကိုမြင်သွားပြီးတက်မက်ခြင်း ပြင်းစွာဖြစ်သွားတယ် ဒါကြောင့်ကျွန်ုပ်ယောကျ်ားကို သိမ်းပိုက်မယ်လို့ အမိန့်ထုတ်ပြန်တယ်။ ဒါပေမယ့် သစ္စာကတိတည်ကြည်တဲ့ ကျွန်ုပ်ယောကျ်ားဟာ သူ့မှာ အိမ်သူဇနီးမယားရှိတဲ့အတွက် မဖြစ်နိုင်ကြောင်း ငြင်းဆိုလိုက်တယ်။ ဒီအခါမှာ ဘုရင်မဟာ ဒေါသအမျက်ပြင်းစွာထွက်သွားတယ်။ ဒီနောက်တော့ ဘုရင်မဟာ ကျွန်ုပ်တို့လင်မယားကို အလွန်ထူးခြားဆန်းကြယ်တဲ့ လိုဏ်ဂူကြီး တစ်လုံးထဲကို ခေါ်သွားတယ်။ ဘုရင်မဟာ လိုဏ်ဂူကြီးရဲ့အတွင်းပိုင်းကို တဖြည်းဖြည်း ဝင်သွားတယ်။ ကျွန်ုပ်တို့လင်မယားလည်း ရင်တထိတ်ထိတ်နဲ့ လိုက်ဝင်သွားတယ်။ လိုဏ်ဂူကြီးရဲ့ အတွင်းပိုင်းကိုရောက်တော့ ကျွန်ုပ်တို့ လင်မယားနှစ်ယောက်စလုံးမခံမရပ်နိုင်အောင် အေးစိမ့် လာတယ်။ ဒါပေမယ့်

ဘုရင်မရဲ့ အမူအရာကြည့်ရတာ အေးစိမ့်မှုကို ခံစားရပုံ မရဘူး။ ကျွန်ုပ်တို့ဟာ အေးလွန်းလို့ လဲပြိုမတတ်ဖြစ်နေရာက တဖြည်းဖြည်း ပူနွေးလာတယ်။ အနွေးဓာတ်ရတော့မှ ကျွန်ုပ်တို့လည်း နေသာထိုင်သာရှိလာတယ်။ ဂူအတွင်းပိုင်းကိုရောက်လေ အနွေးဓာတ်ကပိုလေပဲ၊ အနွေးဓာတ်နဲ့အတူ ထူးဆန်းတဲ့ အလင်းရောင်ကိုမြင်ရတယ်။ အလင်းရောင်ဟာ တဖြည်းဖြည်းကြည့်လို့မဝအောင်လှပတယ်။ အလင်းတန်းနဲ့နီးလေလေ ပိုပိုပြီး ကြည့်လို့မဝလေပဲ။ ဒီလိုနဲ့ လိုဏ်ဂူကြီးရဲ့အဆုံးကိုရောက်တော့ လောင်စာမရှိဘဲ တောင်လောင် နေတဲ့ မီးပုံကြီးကိုတွေ့လိုက်ရတယ်။ ဘုရင်မဟာ မီးပုံကြီးရှေ့မှာ လက်အုပ်ချီပြီး တစ်စုံတစ်ရာကို လေးနက်စွာ ရွတ်ဆိုနေတာ မြင်တွေ့ရတယ်။ ပြီးတော့ မီးပုံကြီးရှေ့မှာ ရပ်နေရာက မီးပုံကြီးထဲကို ခုန်ဝင်သွားတဲ့ ထိတ်လန့်ဖွယ်မြင်ကွင်းကို မြင်တွေ့ရတယ်။ အလွန်ထူးဆန်းတာက ဘုရင်မရဲ့ ကိုယ်ခန္ဓာဟာ မီးတောက်လောင်ခြင်းမရှိတွဲ့အပြင်မီးတောက်ထဲမှာ အလွန်ချောမောလှပနေတယ်၊ ကျွန်ုပ်ရဲ့ယောကျ်ား သူရိယဟာ ဘုရင်မကို မကြည့်ပွဲ့အောင် ဖြစ်လာတယ်။ ဒီတော့မှ ဘုရင်မဟာ မီးတောက်ထဲက ဂုဏ်ယူဝံ့ကြွားစွာခုန်ထွက်ပြီး သူနဲ့ ကျွန်မ ဘယ်သူလှသလဲလို့ သူရိယကိုမေးတယ်။

ကျွန်ုပ်ယောကျ်ားဟာတပ်မက်စရာအလွန်ကောင်းတဲ့ ဘုရင်မကိုကြည့်မိရင် တဏှာရာဂစိတ်တွေဖောက်ပြန်မိမှာစိုးတဲ့အတွက် ခေါင်းကိုသာ ငုံ့ထားတယ်။ ဘုရင်မဟာ ကျွန်ုပ်ယောကျာ်း အဖြစ်ကို သဘောကျဟန်နဲ့ ကြည့်ပြီး သူမကို ရယူမယ်ဆိုရင် မီးပုံကြီးထဲ ခုန်ဆင်းပြီး အသက်ရာထောင်ရှည်နိုင်ကြောင်း၊ အဆင်းလှပပြီး စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနိုင်ကြောင်း ဘုရင်မကို ယူချင်ရင် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်ကို သတ်ပစ်ရန်သာရှိကြောင်းပြောခဲ့တယ်။ ဒါပေမယ့် သစ္စာကတိ တည်ကြည်တဲ့ ကျွန်ုပ်ယောကျ်ား တဏှာရာဂအတွက် မယားကို မသတ်နိုင်ကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုလိုက်တဲ့အခါ ဘုရင်မဟာ ရက်ဒေါသနဲ့ အမျက်ပြင်းစွာထွက်ပြီး “ ငမိုက်သား” သွားလေရော့ လို့ ရေရွတ်ကာ လက်ညှိုးနဲ့ ဆတ်ခနဲထိုးလိုက်လို့ ကျွန်ုပ်ယောကျ်ား မြေပေါ်ကို လဲကျပြီး

သေဆုံးပါတယ်။ ကျွန်ုပ်လည်း လင်အတွက် ရင်ကွဲနာကျမတတ် ခံစားရပါတယ်။ ဘုရင်မက ကျွန်ုပ်အသက်ကိုတော့ ချမ်းသာပေးခဲ့တယ်။ ဒီအကြောင်းကို နောက်မှ သိရတာ က ကျွန်ုပ်လက်မှာဝတ်ဆင်ထားတဲ့ ပတ္တမြားလက်စွပ်အစွမ်းကြောင့် ကျွန်ုပ်ကို မသတ်နိုင်တာပါလို့ သိရပါတယ်။ ဒီပတ္တမြားလက်စွပ်ကို တန်းခိုးသိဒ္ဓိရှိတဲ့ ရသေ့ကြီးတစ်ပါးက ကျွန်ုပ်ဖခင်ကို စီရင်ပေးခဲ့တာပါ။ရက်စက်ကြမ်းကြုတ်တဲ့ ဘုရင်မဟာ ကျွန်ုပ်ကို အကျဉ်းချထားခဲ့ပါတယ်။ ကျွန်ုပ်ဟာ ဘုရင်မ အကဉ်းချထားရာ ဉာဏ်ဆင်ပြီး ထွက်ပြေးလွတ်မြောက်ခဲ့ပါတယ်။ နောက်တော့ မမ္ဘောဇတိုင်းအရောက် သားယောကျ်ားလေးတစ်ယောက်ကို ဖွားမြင်ခဲ့ပါတယ်။ သားယောကျ်ားလေးဟာ ကျွန်ုပ်တို့ မျိုးနွယ်ဝင်တွေထဲက သူရသတ္တိနဲ့ပြည့်စုံသူဟာ ကျွန်ုပ်ထားရစ်ခဲ့တဲ့ သိဒ္ဓိဝင် ပတ္တမြား လက်စွပ်ကို ဝတ်ဆင်ပြီး ကျွန်ုပ် ယောကျ်ားကို ရက်စက်စွာသတ်ဖြတ်ခဲ့တဲ့ ပညာရှင်သခင်မကို လက်တုံ့ပြန်ပြီး ရန်ကြွေးဆပ်ဖို့ ကျွန်ုပ်အလေးအနက် တိုက်တွန်းပါတယ်။ ကျွန်ုပ်ရေးသားခဲ့သော ထူးခြားဆန်းကြယ်ပြီး မယုံနိုင်ဖွယ် အဖြစ်အပျက်များဟာ အစစ်အမှန်ဖြစ်ကြောင်း ကျွန်ုပ်ကျိန်ဆို ပါတယ်။ ကျွန်ုပ်ရေးသားခဲ့သော အကြောင်းအရာများ မဟုတ်မမှန်ပါက အဝီစိ ငရဲမှာ အဖန်ငါးရာ ငါးကမ္ဘာ ကျဆင်းပါစေ။ ကျွန်ုပ်ပြောတဲ့ အကြောင်းအရာများ မှန်ကန်ပါက ကျွန်ုပ်ရဲ့အဆက်အနွယ်ထဲမှာ ပညာရှင်သခင်မကို လက်စားချေတိုက်ခိုက်နိုင်သော သူရဲကောင်း ပေါ်ထွန်းလာနိုင်ပါစေ။

သူရဲကောင်းကို မျှော်လင့်နေသော

နန္ဒမာလာ

နန္ဒမာလာရေးသားခဲ့သော ကြေးပုရပိုဒ်များကို ဖတ်ရှုပြီး ကျွန်ုပ်တို့ အားလုံးမယုံနိုင်အောင် အံ့သြတကြီးဖြစ်ခဲ့ရတယ်။ ကျွန်ုပ်တို့ဟာ စိတ်လှုပ်ရှားစွာနဲ့ နန္ဒမာလာရဲ့ အဆက်အနွယ်ဝင်တွေ ရေးသားထားတဲ့မြောက်စွန်းဒေသအတွေ့အကြုံတွေကို ဖတ်ရှုရတယ်။

အချို့အဆက်အနွယ်တွေ က မြောက်စွန်းဒေသကို မသွားဖြစ်ဘဲ မိမိတိုပရပ်ရွာမှာပဲ အသက်မွေးဝမ်းကြောင်းပြုခဲ့တယ်။

ပုရပိုဒ်အားလုံးကို ကျွန်ုပ်တို့အားလုံးဖတ်ရှုပြီးတော့ မောင်နန်းဝေက ကျွန်ုပ်ကိုကြည့်ပြီး

“ဦးလေး ဘယ်လိုထင်သလဲ”

လို့မေးလိုက်တယ်။ ကျွန်ုပ်က

“ပုရပိုဒ်တွေဟာ နှစ်ပေါင်းရာချီပြီး ကြာညောင်းခဲ့ပြီဆိုတာ ဦးလေး လက်ခံပါတယ်။ ဒါပေမယ့် နန္ဒမာလာရဲ့စကားတွေကို ယုတ္တိမတန်လို့ ဦးလေး မယုံဘူး။ လူတစ်ယောက်ဟာ မီးပုံထဲ ဆင်းပြီး မီးမလောင်ဘဲ အဆင်းလှပြီး၊ အသက်ရှင်တယ်ဆိုတာဖြစ်နိုင်ပ့ါမလား။ နန္ဒမာလာဆိုတဲ့ မိန်းမဟာ ယောက်ျားသေလို့ စိတ် ဂယောက်ဂယက်ဖြစ်ပြီး ရေးချင်ရာရေးခဲ့တယ်လို့ ငါထင်တယ်”လို့ပြောလိုက်တော့ မောင်နန်းဝေက မျက်မှောင်ကြုတ်ပြီး

“ကျုပ်အဖေ မြောက်စွန်းဒေသကို ရောက်တော့ သူကြားခဲ့တာတွေဟာ ပုရပိုဒ်ထဲက အကြောင်းအရာတွေနဲ့ ထပ်တူဖြစ်နေတယ်နော်”

လို့ ပြောတယ်။ ကျွန်ုပ်က ခေါင်းခါယမ်းပြီး

“ဒါတော့ တိုက်ဆိုင်မှုဖြစ်နိုင်ပါတယ်။ သဘာဝ လောကကြီးမှာ ထူးခြားဆန်းကြယ်မှုတွေ အများကြီးရှိတယ်။ ဒါပေမယ့် ငါကတော့ လက်တွေ့သမားကွ၊ မျက်စိနဲ့ တပ်အပ်မမြင်ရရင် မယုံဘူးကွယ်”

လို့ပြောတယ်။ မောင်နန်းဝေကတော့ မျက်မှောင်ကြုတ်ပြီး တစ်စုံတစ်ရာကို လေးနယက်စွာစဉ်းစားနေတယ်။ ပြီးတော့ စိတ်လှုပ်ရှားတဲ့အမူအရာနဲ့

“ကျုပ်ကတော့ မြောက်စွန်းဒေသကို ရောက်အောင်သွားဖို့

ဆုံးဖြတ်လိုက်ပြီ၊ ပုရပိုဒ်ထဲက ထူးခြားဆန်းကြယ်မှုတွေ အမှန်တကယ်ရှိ မရှိ ကျုပ်ကိုယ်တိုင် သွားကြည့်ချင်တယ် ဦးလေး၊ ကျုပ်နဲ့ လိုက်ခဲ့ပါနော်”

လို့တောင်းပန်တယ်။ ဒီအခါမှာ ကျွန်ုပ်ဟာ မွေးစားသား မောင်နန်းဝေနဲ့ ပတ်သက်ပြီး စဉ်းစားရတယ်။ မောင်နန်းဝေကိုကြည့်ရတာ မြောက်စွန်းဒေသကို မရောက်ရောက်အောင်သွားဖို့ ဆုံးဖြတ်လိုက်ပုံရတယ်။

ဒါကြောင့်

“မောင်နန်းဝေကို တားရင်လဲ ရမှာမဟုတ်ဘူး။

တားလို့မရမဲ့အတူတူ မောင်နန်းဝေနောက်ကို

လိုက်သွားရင် အန္တရာယ်တွေကို ကာကွယ်လို့

ရတာ ပေ့ါ၊ နောက်ပြီးတော့ ငါဟာ တစ်ကိုယ်

တည်းသမား။ တွယ်တာရမဲ့ သံယောဇဉ်မရှိဘူး။

ဘာကိုမှ နောက်ဆံတင်းစရာမလိုဘူး”

လို့တွေးပြီး မောင်နန်းဝေနောက်ကိုလိုက်ဖို့ပသဘောတူ လိုက်တယ်။ မောင်နန်းဝေဟာ ကျွန်ုပ်စကားကိုကြားတော့ အလွန်ဂမ်းသာသွားတယ်။ မောင်နန်းဝေရဲ့လက်စွဲတော် လိပ်ပုလည်း

“ဦးလေးတို့သွားရင် ကျုပ်ကိုလည်း မထားခဲ့နဲ့နော်၊ကျုပ်လည်း လိုက်ပါရစေ”

လို့တောင်းပန်တယ်။ ကျွန်ုပ်က လိပ်ပုပခုံးကို ပုတ်ပြီး

“ငါတို့သွားမယ့်နေရာက မြန်မာပြည်ရဲ့ ခေါင်မိုးစွန်းကိုက၊ မိုးထိတောင်ကြီးတွေကို ကျော်ဖြတ်ရမယ်၊ လူသားစား လူရိုင်းတွေရဲ့ အန္တရာယ်နဲ့လည်း ရင်ဆိုင်ရမယ်၊ မမြင်နိုင်တဲ့ သဘာဂအန္တရာယ်တွေလည်း

အများကြီးပဲကွ၊ ကံဆိုးရင် မင်းအသက်ကိုတောင် ပေးခဲ့ရမှာ”

လို့သတိပေးလိုက်တော့ လိပ်ပုဟာ ထိတ်လန့်သွားပေမယ့်

“ဦးလေးတို့မရှိရင် မြန်မာပြည်မှာ ကျုပ်တစ်ယောက်တည်း မနေတတ်ဘူး၊ ဘာအလုပ်မှလည်း မလုပ်တတ်ဘူး၊ ဒါကြောင့် သေချင်သေပါစေ၊ ကျုပ်လိုက်မယ်”

လို့ပြောတယ်။ ဒီတော့မှ မောင်နန်းဝေက

“ဒါဆိုလည်း ကျုပ်တို့အားလုံးသွားကြတာပေ့ါဗျာ၊ဒါပေမယ့် ကျုပ်တို့ခရီးအတွက် ပိုက်ဆံတွေ အများကြီးလိုတယ်၊ကျုပ်တို့မှာ ပိုက်ဆံလုံလုံလောက်လောက် ရှိ ရှိရဲ့လားဦးလေး”

လို့မေးတယ်၊ကျွန်ုပ်က ခေါင်းညိတ်ပြီး

“ပိုက်ဆံအတွက် မပူနဲ့၊ ငါတစ်သက်လုံး စုထားတဲ့ ပိုက်ဆံတွေအများကြီးရှိတယ်၊ နောက်ပြီး မင်းအဖေထားရစ်ခဲ့တဲ့ ရွှေဒင်္ဂါးတွေရှိသေးတယ်”

လို့ပြောတယ်။

ကျွန်ုပ်တို့ဟာ မြောက်စွန်းဒေသကို သွားရောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ချက် ချလိုက်ပြီး နောက် ခရီးထွက်ရန် လိုအပ်တဲ့ပစ္စည်းတွေဝယ်ဖို့ မက္ကဇင့်ဘဏ်ကိုထွက်ခဲ့ တယ်။ ဘဏ်ကိုရောက်တော့ ကျွန်ုပ်စုထားတဲ့ငွေတွေကို ထုတ်ယူပြီးတော့ လိုလိုမယ်မယ် ဆရာကြီး ရဲ့အမွေ ရွှေဒင်္ဂါးအပြား ၂၀ ကို ထုတ်ရောင်းခဲ့တယ်။ ကျွန်ုပ်တို့ခရီးအတွက် လိုအပ်တဲ့ ငွေတွေရတဲ့ အတွက် တောတွင်းမှာ အသုံးပြုဖို့ သေနတ်သုံးလက်နဲ့ ယမ်းတောင့်တွေကိုလည်း ဝယ်ယူခဲ့တယ်၊ ကျွန်ုပ်တို့ဟာ စွန့်စားခန်းခရီးအတွက် ပွဲမဝင်မီ အပြင်က ကျင်းပဆိုတဲ့ စကားရှိတဲ့အတိုင်း မကြာခဏ ရိုးမတောထဲကို ဝင်ပြီး

သေနတ်ပစ်လေ့ကျင့်လေ့ရှိတယ်။ ဒီလို သေနတ်ပစ် လေ့ကျင့်ရင်းနဲ့ ယမ်းတောင့်တွေကုန်သွားလို့ ရန်ကုန်မြို့ကို တက်ပြီး ယမ်း တောင့်ဝယ်ရတယ်။ ဒီအကြိမ် ယမ်းတောင့်အများကြီးဝယ်လာလို့ စိတ်တိုင်းကျပစ်နိုင်တယ်။ သေနတ်ပစ်လေ့ကျင့်ရင်း ကျွန်ုပ်နဲ့မောင်နန်းဝေဟာ ကိုယ်ခံပညာကို တွဲဖက်ပြီး လေ့ကျင့်ကြတယ်။ မောင်နန်းဝေကို ငယ်စဉ်ကတည်းက ရှမ်းဆရာကြီး တစ်ယောက်ဆီမှာ သင်စေပြီး ကျွန်ုပ်ကိုယ်တိုင်လည်း ဗန်တို ဗန်ရှည် သိုင်းအတတ်ကို တတ်ကျွမ်းတဲ့အတွက် သိုင်းလေ့ကျင့်ရာမှာ အခက်အခဲမရှိဘူး။ မောင်နန်းဝေဟာ ကျွန်ုပ်နဲ့ တွဲဖက်လေ့ကျင့်ရင်း ကျွန်ုပ်ရဲ့ သက်လုံကောင်းပုံကို တအံ့တသြ ကြည့်ရှုပြီး

"ဦးလေးရဲ့ ဗန်တို ဗန်ရှည်သိုင်းက တော်တော်ကောင်းတာပဲ၊ သက်လုံလည်းကောင်း တယ်"

လို့ ချီးမွမ်းလိုက်တယ်။ ဒီအခါမှာ ကျွန်ုပ်က ဂုဏ်ယူဝံ့ကြွားဟန်နဲ့

"သိုင်းပညာတောင်းတာတော့ မပြောနဲ့ကွ၊

မြန်မာ့သိုင်းပညာစစ်စစ်ကိုးကွ၊ သက်လုံကောင်းတာလဲမပြောနဲ့၊ ငါကနေ့စဉ် လမ်းလျှောက် လေ့ကျင့်ခန်းယူထားတာကိုးကွ"

လို့ပြောလိုက်တယ်။

ကျွန်ုပ်တို့ဟာ အစစအရာရာ ပြင်ဆင်ပြီးတော့ ကျွန်ုပ်ဦးစီးပြီး ဖါင့်လှစ်ထားတဲ့ အလွတ်ပညာသင်ကျောင်းလေးကို မတင်နွယ်ဆိုတဲ့ ဆရာမလေးလက်ကို အပ်ခဲ့တယ်။ ဆရာမလေးက ကျွန်ုပ်တိုပ မရှိလို့ စိတ်အားငယ်ဟန်နဲ့

"ဆရာကြီးတို့ ဘယ်တော့ပြန်ရောကမှာလဲ"

လို့မေးတယ်။ ကျွန်ုပ်က

“မြန်မာပြည်အနှံ့ဘုရားဖူးထွက်တယ်ဆိုတော့ မကြာပါဘူး”

လို့ပြောလိုက်ရပေမယ့် ဒီခရီးလမ်းက ကျွန်ုပ်တို့ သက်ရှိထင်ရှား ပြန်လာနိုင်ပဲ့ါမလားလို့ ဆိုတာ မသေချာပါဘူး။

ဒါပေမဲ့ ထူးခြားဆန်းကြယ်မှုတွေကို တွေ့ကြုံချင်တဲ့ လူ့သဘာဝအတိုင်း အသက်ကိုပေးချင် ပေးရပါစေ။ မတွေ့တွေ့အောင် ရှာမယ်လို့ စိတ်ပိုင်းဖြတ်ထားတယ်။ ဒီအတွက် ကျွန်ုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ် သရဏဂုံတင်ထားပြီးသားပါ။

နောက်ဆုံးတော့ ကျွန်ုပ်တို့စွန့်စားခန်းခရီးထွက်ဖို့အချိန်ရောက်ပြီပေ့ါ။

***

# (၂)

ကျွန်ုပ်တို့ဟာ လိုအပ်တဲ့ ဝန်စည်စလယ်တွေသယ်ပြီး ကြိုတင်စီစဉ်ထားတဲ့အတိုင်း မီးရထားနဲ့ မြစ်ကြီးနားကို ဆန်တက်ခဲ့တယ်။ မြစ်ကြီးနားကို ရောက်တော့ ဆွမ်ပရာဘွမ်ကို ကားကြုံ နဲ့လိုက်ခဲ့ပြန်တယ်။ ဆွမ်ပရာဘွမ်ကနေ မချမ်းဘောကို ခရီးဆက်ရမှာဖြစ်တယ်။

ကျွန်ုပ်တို့ဟာ မချမ်းဘောခရီးအတွက် မြေပုံကြီးချထားတိုင်ပင်နေတုန်း " ရဝမ် " ကုန်သည်တစ်စုနဲ့တွေ့လို့ မချမ်းဘောကို လိုက်ခဲ့ကြတယ်။ ရဝမ်တွေဟာ ကျွန်ုပ်တို့ကို ပူတာအိုအထိ ခေါ်သွားပြီးမှ လမ်းခွဲထွက်ခွာသွားတယ်။ ကျွန်ုပ်တို့ဟာ ပူတာအိုမြို့လယ်က ထမင်းဆိုင်အစုတ်ကလေးမှာ ထိုင်ပြီး မြေပုံစာရွက်ကြီးတကိုင်ကိုင်နဲ့ " ပန်နန်ဒင်း " ကိုသွားဖို့လမ်းပြရှာကြတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့ လမ်းပြမရတော့ ထမင်းဆိုင်ရှင်မိန်းမကို အကူအညီတောင်းပြီး ဆိုင်မှာ တစ်ညအိပ်ကြတယ်။ ကျွန်ုပ်တို့ဟာ ဆိုင်ရှေ့က မီးလင်းဖိုကြီး အိပ်ရပေမဲ့ တောင်ပေါ်နဲ့ မြေပြန့် ရာသီဥတု ကွာခြားမှုဒဏ်ကို အတော်ခံရတယ်။

ကျွန်ုပ်တို့ဟာ ကိုယ့်ကိုယ်ကိုယ် လူတေတွေလို့ သတ်မှတ်ထားပေမယ့် "ပူတာအို" အအေး ဓာတ်ကို လက်မြှောက်အရှုံးပေးရမလိုဖြစ်နေတယ်။ နောက်တော့မှ ကျွန်ုပ်တို့ ဝေဒနာကို မကြည့်ရက်တာနဲ့ ဆိုင်ရှင်မိန်းမပေးတဲ့အရက်ကိုသောက်မှ သက်သာသွားတယ်။ ဒီအချိန်ကစပြီး ကျုပ်တို့ခရီးအတွက် အရက်ယူသွားဖို့ ဆုံးဖြတ်လိုက်တယ်။ကျွန်ုပ်တို့လူစု ထမင်းဆိုင်မှာ သုံးရက်လောက်သောင်တင်နေပြီးမှ တရုတ်ဘိန်းစားနဲ့တူတဲ့ လူတစ်ယောက် ရောက်လာပြီး သူလိုချင်တဲ့ အခကြေးငွေရရင် လမ်းပြပေးမယ်ဆိုပြီး ပြောတော့ ကျွန်ုပ်တို့ ဝမ်းသာအားရနဲ့ လက်ခံ လိုက်တယ်။ တရုတ်ဘိန်းစားနာမည်က ဘွန်အောလို့ခေါ်တယ်။ ဘွန်အောဟာ လည်လည် ဝယ်ဝယ်ရှိပြီး "ပူတာအို" နဲ့ "ပန်းနန်းဒင်း" ကိုစုန်ဆန်သွားနေတယ်လို့သိရတယ်။

မောင်နန်းဝေက ဘွန်အောကိုကြည့်ပြီး

“ဒီလောက်ကြမ်းတမ်းတဲ့ ခရီးကို ခင်ဗျားဘာလို့ အခေါက်ခေါက်အခါခါ သွားနေရတာ လဲ” လို့မေးမြန်းလိုက်တယ်။ ဘွန်အောက ရယ်မောလိုက်ပြီး

“အာဖျံအတွက်ပေ့ါဗျာ၊ တောင်ပေါ်မှာ အာဖျံလိုနေတဲ့လူတွေရှိတယ်၊ ကျုပ်က သူတို့ကို အာဖျံဝယ်ပေးတယ်၊ သူတို့က ကျုပ်ကို ရွှေတွေ ပြန်ပေးတယ်”

ဒီဒေသလောက်ရွှေပေါတာ ဘယ်နေရာမှ မရှိဘူးလို့ပြောတယ်။

ကျွန်ုပ်က

“ရွှေပေါရင် ဘာလို့ သွားမရှာတာလဲ”

လို့မေးမြန်းတယ်။ ဘွန်အောက

“ကိုယ့်အသက်ကို နှမြောလို့ လာမရှာတာပေ့ါဗျာ၊ ဒီဒေသကို လူသာမန်တွေ မလာပံ့ဘူး။ ဒီဒေသက ကမ္ဘာပေါ်မှာ အန္တရာယ်အများဆုံးဒေသဆိုတာ မကြာမီ ခင်ဗျားတို့ လက်တွေ့မြင်ရလိမ့်မယ်၊ လောလောဆယ် လမ်းခရီးမှာ လိုအပ်တာတွေဝယ်ဖို့ ကျုပ်ကိုပိုက်ဆံ နည်းနည်းပေးဦး”

လို့ပြောပြီး ကျွန်ုပ်တို့ရှေ့ကထွက်သွားတယ်။ ခဏကြာလို့ သူပြန်လာတော့ တောစီးဖိနပ်၊ ကျောပိုးအိတ်၊ အသားဘူး၊ငါးဘူး၊ ဓားမြှောင်၊မီးခြစ်၊ လက်နှိပ်ဓာတ်မီး အစရှိတာတွေ ဝယ်လာ တယ်။ မောင်နန်းဝေက ဘွန်အောဝယ်လာတဲ့ ပစ္စည်းတွေကြည့်ပြီးတော့

“လမ်းခရီးတွက် လိုအပ်တာတွေ သွားဝယ်တယ်ဆိုလို့ ဘာတွေလဲမှတ်တယ်၊ ဒီပစ္စည်းတွေ အားလုံး ကျုပ်တို့ဝယ်လာပြီးပါပြီ”

လို့ပြောတယ်။ ဘွန်အောက ခေါင်းခါယမ်းလိုက်ပြီး

“ခင်ဗျားတို့ဝယ်လာတဲ့ပစ္စည်းတွေကို ကျုပ်ကြည့်ပြီးပြီ၊ ဒီခရီးလမ်းမှာ

အသုံးမဝင်ဘူး။ ကျုပ်စကား မှန်မမှန်တောင်ပေါ်ရောက်မှ ခင်ဗျားသိရလိမ့်မယ်”

လို့ပြောတယ်။ ကျွန်ုပ်တို့ဟာ ဘွန်အောစကားကို မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ကျွန်ုပ်တိုပပစ္စည်းများထဲက စားနပ်ရိက္ခာတွေကလွဲလို့ ကျန်တာတွေကို ဆိုင်ရှင်မိန်းမကို စွန့်ကြဲလိုက်တယ်။ ဆိုင်ရှင်မိန်းမက ပစ္စည်းတွေကို လက်ခံယူပြီး ကျွန်ုပ်တို့ခရီးလမ်းအတွက် ဆုမွန်ကောင်းတွေ တောင်းပေးလိုက်တယ်။ ထူးခြားချက်က ဆိုင်ရှင်မိန်းမဟာ ကျွန်ုပ်တို့ ဘာရည်ရွယ်ချက်နဲ့ ခရီးသွားတယ်ဆိုတာ မမေးဘူး၊ လမ်းပြဘွန်အောကလည်း ကျွန်ုပ်တို့ ခရီးရဲ့ရည်ရွယ်ချက်ကို မမေးတာ အံ့သြစရာပဲ။

နောက်တစ်နေ့မှာ ကျွန်ုပ်တို့ခရီးကိုစတင်ခဲ့တယ်။ ခရီးလမ်းကကြမ်းတမ်းလှတယ်။ ရွှံ့နွံတွေ၊ ချောင်းမြောင်းတွေကို တစ်နေကုန်ကျော်ဖြတ်ရတယ်၊ ရေစီးအလွန်သန်တဲ့ “နန်ကီယူ” မြစ်ကို ဖြတ်သန်းပြီး” နမ်းခမ်း” ရွာ ကိုရောက်တယ်။ လမ်းပြဘွန်အောဟာ နန်းခမ်းရွာထဲကို ဦးဆောင် ဝင်သွားပြီး သူကြီးကို နှုတ်ဆက်တယ်။ ဘွန်အောက သူကြီးကို မြင်တာနဲ့ သူ့ရဲ့လက်တစ်ဖက်ကို ဆန့်တန်းပြီး ရဂမ်ဘာသာနဲ့ တစ်စုံတစ်ရာကို ရေရွတ်လိုက်တယ်။ ဒီအခါမှာ ကျွန်ုပ်တို့လည်း ဘွန်အောကဲ့သို့ လက်တစ်ဖက်ကို ဆန့်တန်းကာ“ရဂမ်” စကားမပီကလာနဲ့ နှုတ်ဆက်လိုက်တော့ ရွာသူကြီးဟာ သဘောကျဟန်နဲ့ ရယ်မောလိုက်တယ်။ ဒီညက ကျွန်ုပ်တို့ဟာ “ရဂမ်” ရွာမှာပဲ ညအိပ်လိုက်ရတယ်၊ တရုတ်ဘိန်းစားဘွန်အောက ကျွန်ုပ်တို့ ရှေ့မှာ လက်ဝါးဖြန့်ပြီး ပိုက်ဆံ တောင်းပြန်တယ်။ ကျွန်ုပ်က ဘွန်အောကို မျက်မှောင်ကြုတ်ကြည့်ပြီး

“ပိုက်ဆံတွေ တောင်းလှချည်လား ကိုယ့်လူ၊

ကျုပ်တို့ကို သန်းကြွယ်သူဌေးများမှတ်နေသလား”

လို့ပြောတော့ ဘွန်အောက

“မလိုရင် တစ်ပြားမှ မတောင်းဘူးဗျ၊လိုအပ်လို့ တောင်းတာ၊ ဒီမှာ ခင်ဗျားတို့မှတ်ထားရမှာ က ဒီလမ်းမှာ ကျုပ်ကခေါင်းဆောင်၊ ကျုပ်စကားကို ခင်ဗျားတို့နားထောင်ရမယ်”

လို့ဆိုလိုက်တော့ မောင်နန်းဝေက ဘွန်အောကို မကျေချမ်းကြည့်ပြီး

“ဒီမှာ…ခင်ဗျားစကားကို ပြင်ပြောစမ်းပါ၊ ဒီခရီးမှာ ခင်ဗျားက ခေါင်းဆောင်မဟုတ်ဘူး။ လမ်းပြ၊ ကျုပ်တို့ ခရီးမှာ၊ခေါင်းဆောင်က ကျုပ်ဦးလေးပဲ”

လို့ဆိုလိုက်တော့ ဘွန်အောက လက်ခံဟန်နဲ့ ခေါင်းညိတ်ပြီး

“ဟုတ်တယ်၊ ကျုပ်က လမ်းပြ၊ ခေါင်းဆောင် မဟုတ်ဘူး။ ဒါပေမဲ့ လမ်းပြ မကောင်းရင် ခင်ဗျားတို့လိုရာခရီးကို မရောက်ဘဲ မရဏတိုင်းပြည်ကို ရောက်သွားမယ်”

လို့ ခြိမ်းခြောက်သလိုပြောပြီး ကျွန်ုပ်တို့ဆီက ရတဲ့ ပိုက်ဆံနဲ့ ရဝမ် ရွာထဲက လားတစ်ကောင်သွားဝယ်တယ်။ လားဝယ်ပြီးတော့ ဝန်စည်စလှည်အချို့ကို လားပေါ်တင်ပြီး ခရီးဆက်ခဲ့တယ်။

ခဏကြာတော့ ဘွန်အောက

“ခင်ဗျားတို့ ဒီအချိန်ကစပြီး တောင်တက်လမ်းစပြီ၊ တောင်တက်ခရီးမှာ အန္တရာယ်နဲ့ ရင်ဆိုင်ရရင် အသက်ပေးရလိမ့်မယ်”

လို့ပြောတယ်။ ဘွန်အော စကားမဆုံးမီ တော်လဲသံကြီးကြားရပြီး ကျောက်တုံးတွေ တဝေါဝေါနဲ့ ပြိုဆင်းလာတယ်။ ဘွန်အောက အော်ဟစ်ပြီး

“တောင်ပြိုပြီဗျို့၊ သစ်ပင်နောက်ကို အကာအကွယ်ယူကြ၊ လားတွေကိုတော့ထားခဲ့ကြ”

လို့ပြောတယ်။ ကျွန်ုပ်တို့လူစု သစ်ပင်ကြီးများနောက်မှာ ကမန်းကတန်း အကာအကွယ် ယူနေတုန်း ကျောက်တုံးတွေ တဝေါဝေါပြိုဆင်းလာပြီး အတန်ကြာမှ

ရပ်တန့်သွားတယ်။ ကံကောင်းထောက်မလို့ လားတွေအသက်အန္တရာယ်မဖြစ်ဘဲ အနည်းငယ် ထိတ်လန့်သွားခဲ့တယ်။ ဒီလိုနဲ့ ဆက်သွားရင် လမ်းမှာသစ်ပင်ကြီးတွေ ပြိုလဲကျနေလို့ တောခုတ်ဓားတွေနဲ့ ရှင်းလင်းခဲ့ရသေးတယ်။

နေ့တစ်ဝက်လောက် ခရီးနှင်ပြီးတော့ ကျွန်ုပ်တိုပလူစု ခြေလက်တွေ မသယ်ချင်လောက် အောင် ပင်ပန်းနွမ်းနယ်နေကြတယ်။ ကျွန်ုပ်တိုပဟာ ဒီလို ပန်ပန်းနွမ်းနယ်နေပေမဲ့ ထူးခြားဆန်းကြယ်မှုတွေကို မြင်ချင်စိတ်နဲ့ စိတ်အားတက်ကြွနေမိတယ်။ လမ်းပြဘွန်အောကတော့ ကျွန်ုပ်တို့လောက် ပင်ပန်းနွမ်းနယ်ဟန်မရှိဘူး။ လိပ်ပုက ဘွန်အောကိုကြည့်ပြီး

“ဒီဘိန်းစားက တော်တော်အပင်ပန်းခံနိုင်တယ်။ ဒီလူဟာ လူသားစစ်စစ်မှဟုတ်ရဲ့လား”

လို့ပြောတယ်။ လမ်းခရီးတစ်လျှောက်လုံး ကျွန်ုပ်တို့အနီးမှာ တဂီဂီပျံသန်းပြီး ဒုက္ခပေး နေတာ တောင်ဖြုတ်တွေပဲ၊ တောင်ဖြုတ်တွေကြောင့် ကျွန်ုပ်တို့လူစု အတော်ဒုက္ခရောက်တယ်၊ အတန်ကြာတော့ ရေစီးအလွန်သန်တဲ့ ချောင်းတစ်ခုကိုရောက်တယ်။ လိပ်ပုက ချောင်းကို သွယ်တန်းထားတဲ့ ကြိမ်တံတားလေးကိုမြင်တော့

“အမလေး...တံတားလေးက သေးသေးလေးနဲ့ ယိမ်းနွဲ့နေတာပဲ၊ ကျုပ်တော့ မဖြတ်ရဲဘူး”

လို့ပြောတယ်။ ကြိမ်တံတားလေထဲမှာ ယိမ်းနွဲ့နေတာ အသည်းယား စရာအလွန်ကောင်း တယ်။

လမ်းပြဘွန်အောက အသည်းယားစဖွယ် ယိမ်းနွဲ့နေတဲ့ ကြိမ်တံတားပေါ်မှာ မကြောက်မရွံ့ပြေးတက်သွားပြီး

“လာစမ်းပါ၊ ကျုပ်နောက်က ပြေးတက်ခဲ့စမ်းပါ။ မကြောက်ပါနဲ့၊ ကြိမ်တံတားပြတ်မကျဘူး၊ ကျုပ်တာဝန်ယူပါတယ်”

လို့ ရဲရဲဝံ့ဝံ့အာမခံနေတယ်။ ကျွန်ုပ်တို့လူစု ရင်တထိတ်ထိတ်နဲ့ ကြိုးတံတားပေါ်ဖြတ်သန်း ကြတယ်။လိပ်ပုက ကြိုးတံတားပေါ်ကအောက်ကို တုန်တုန်ယင်ယင်နဲ့ ငုံ့ကြည့်ပြီး

“ရေထဲမှာ ငါးတွေအများကြီးပဲ”

လို့ အော်ဟစ်တယ်။

ကျွန်ုပ်တို့လှမ်းကြည့်လိုက်တော့ ချောင်းရေကြည်လင်လွန်းလို့ ရေထဲမှာ ကူးခပ်နေတဲ့ ငါးကြင်းတွေကို ကြည်နူးဖွယ်မြင်နေရတယ်။ လမ်းပြဘွန်အောက

“ဒါ....နန့်တီးချောင်းလို့ခေါ်တယ်၊ တိဘက်တွေနေတဲ့ “စိန်ခူးဂမ်” ဘက်မှာဆိုရင် ရေဟာ ဒီထက်တောင်ကြည်လင်နေသေးတယ်၊ တောင်ပေါ်က ရေခဲတွေ အရည်ပျော်ကျပြီး၊ ချောင်းထဲစီး ဝင်နေတော့ ရေအောက်ကြမ်းပြင်ကို မှန်လိုပဲ ထွင်းဖောက်ပြီးမြင်ရတယ်”

လို့ပြောတယ်။ ကျွန်ုပ်တို့ဟာ ညနေစောင်းတော့ “ရဂမ်” ရွာတစ်ရွာကို ရောက်ပြန် တယ်။ဘွန်အောက ရွာသူကြီးကို ထုံးစံအတိုင်းနှုတ်ဆက်ပြီးတော့ ညအိပ်ခွင့် တောင်းတယ်။

ညမှာတော့ ရဂမ်ထုံးစံအတိုင်း အစားအသောက်တွေနဲ့ ဧည့်ခံတယ်။ ကျွန်ုပ်တို့ကလည်း ပါလာတဲ့ ရိက္ခာနည်းနည်းကို ရဂမ်တွေအတွက် လက်ဆောင်ပြန်ပေးတယ်။ ရဂမ်ရွာသူတွေဟာ အံ့သြဖွယ်ကောင်းလောက်အောင် ချောမောလှပတဲ့အတွက် မောင်နန်းဝေရဲ့ အထိန်းတော် လိပ်ပုဟာ ကြည့်မဝနိုင်အောင်ဖြစ်နေတယ်။ သူတို့ဟာ အဖြူရောင်လုံချည်နဲ့ ရင်ဖုံး အင်္ကျီအနက်ရောင်ကို ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံးရောင်စုံပုတီးများနဲ့ အလှဆင်ထားတယ်။ ဒီညမှာ မောင်နန်းဝေဟာ အိပ်မရနိုင်ဟန်နဲ့

“ကျုပ်တို့ခရီး အောင်မြင်မယ်လို့ ဦးလေးထင်သလား”

လို့မေးတယ်။

ကျွန်ုပ်က

“အစတုန်းကတော့ သိပ်မယုံဘူး။ ဒါပေမယ့် အခုတော့ ဦးလေးတို့ ခရီးထွက်ပြီး မကြာမီ ထူးခြားဆန်းကြယ်မှုတွေနဲ့ တွေ့ရတော့မယ်လို့ ယုံကြည်နေတယ်”

လို့ပြောတော့ မောင်နန်းဝေက စိတ်အားတက်ကြွဟန်နဲ့

“ဟုတ်တယ်၊ ကျုပ်လည်း ပညာရှင်သခင်မနဲ့ တွေ့ရတော့မယ်လို့ ယုံကြည်နေတယ်”

လို့ပြောပြီး နှစ်ယောက်သားငြိမ်သက်ပြီး အိပ်ပျော်သွားကြတယ်။

နောက်တစ်နေ့မှာ ရွာသူကြီးကို နှုတ်ဆက်ပြီး ဘွန်အောက

“အဝေးမှာ မှိုင်းညှို့ညှို့မြင်နေရတာ နိုင်ငွန်ဘွန်တောင်ကြီးပဲ၊ကျုပ်တို့ ဒီနေ့တောင်ကြီးကို တက်ရတော့မယ်”

လို့ပြောတယ်။ နိုင်ငွန်ဘွန်တောင်ကို တက်ရတဲ့ ကွေ့ကောက်တဲ့ လမ်းကလေးမှာ တိမ်တွေကာဆီးထားတဲ့အတွက် ကျွန်ုပ်တို့ တစ်ယောက်ကိုတစ်ယောက် မမြင်ရတော့ဘူး။ လမ်းအောက်မှာ ချောက်ကြီးရှိတဲ့အတွက် ကျွန်ုပ်က

“အားလုံးသတိထားဟေ့၊ ချောက်ထဲပြုတ်ကျသွားမယ်”

လို့အော်ဟစ်ပြီး သတိပေးရတယ်။

တိမ်တွေကိုကြည့်ပြီး လိပ်ပုက ဝမ်းသာအားရနဲ့

“ကျုပ်တိုပနတ်ပြည်ရောက်နေပြီဗျို့”

လို့အော်ဟစ်လိုက်တယ်။ တောင်တက်လမ်းမှာ ရွံ့တွေထူလာပြီး

ကျွန်ုပ်တို့လူစု တဖိုင်းဖိုင်းလဲကျနေတယ်။ တောင်တက်လမ်းပြီးတော့ တောင်ဆင်းလမ်းကို ပင်ပန်းကြီးစွာ ဆင်းရ တယ်။ နောက်တော့ ညမှောင်ရီသန်းစအချိန်မှာ “မဆားဒပ်” စခန်းကိုရောက်တယ်။ လမ်းပြဘွန်အောက ထင်းတွေကောက်ပြီး မီးမွှေးရင်း

“ခင်ဗျားတို့အဝတ်တွေ ချွတ်ကြည့်လိုက်ပါဦး”

လို့ပြောတယ်။

ကျွန်ုပ်တို့အဝတ်အစားတွေကို ချွတ်လိုက်တော့ သွေးဝနေတဲ့ ကျွတ်ကြီးတွေ ခန္ဓာကိုယ်အနှံ့မှာ တွက်ယကပ်နေတာကိုတွေ့လို့ ဓားမြှောင်နဲ့ခွာချရတယ်။ ကျွန်ုပ်တို့ ညစာကို အသားဘူး။ ငါးဘူးတွေ ဖောက်စားရတယ်။ကျွန်ုပ်က ဘွန်အောအနီးမှာဝင်ထိုင်လိုက်ပြီး

“ဒီဒေသမှာ ရွှေတွေ တော်တော်ပေါတယ်နော်”

လို့ဆိုလိုက်တော့ ဘွန်အောက ခေါင်းညိတ်လိုက်ပြီး

“ဒီဒေသမှာ ရွှေကိုမြစ်ချောင်းအင်းအိုင်မှာ ကျင်ယူ စရာမလိုဘူး။ တောင်ကမ်းပါးတွေကို ဖြိုချ လိုက်ရင် ရွှေတွေအတုံးလိုက်တွေ့ရတတ်တယ်၊ ကမ္ဘာပေါ်မှာ အလွန်ရှားတဲ့ တာကင်(ခေါ်) သားမင်းကောင်တွေနဲ့ ရှားပါးသစ်ခွမျိုးတွေ၊သစ်မြစ်၊သစ်ဥတွေ အသက်ရှည်ဆေးတွေလည်း တွေ့ရတတ်တယ်၊နောက်ပြီးတော့ ဒီဒေသမှာ နေတဲ့ တိဘက်၊လီဆူ၊ ဂျိန်းဖော၊ ခန္တီးလူမျိုးတွေက ဒဏ္ဍာရီဆန်ဆန် ယုံကြည်မှုတစ်ခုရှိတယ်၊ သူတို့အယူအဆအရ အားလုံးဟာ မဂ္ဂျန်ရှီနီရာဘွန် ဆိုတဲ့တောင်ကြီးက ဆင်းသက်လာတယ်လို့ ယုံကြည်ကြတယ်၊ မဂ္ဂျန်ရှီနီရာဘွန်တောင်ကြီးအနီးမှာ ဇလားလုံး ရှမိုက်ဆိုတဲ့ ရေကန်ကြီးတစ်ကန်ရှိတယ်၊ ဒီရေကန်ထဲကရေကိုသောက်ရင် အသက်ရှည် တယ်လို့ ယုံကြည်ကြတယ်၊ ဒီဒေသကလူတွေရဲ့ဘိုးဘွားတွေဟာ ရေကန်ထဲက ရေကို သောက်ပြီး အသက်ရှည်ကြတယ်”

ဘွန်အောစကားအဆုံးမှာ ကျွန်ုပ်နဲ့ မောင်နန်းဝေဟာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ဘွန်အောပြောတဲ့ အကြောင်းအရာတွေဟာ ကြေးပုရပိုဒ်ထဲက အဖြစ် အပျက်တွေနဲ့ အံ့ဩဖွယ်တိုက်ဆိုင်နေတယ်။ ဒါကြောင့် ကျွန်ုပ်က အံ့ဩတဲ့ အမူအယာနဲ့

"မင်းစကားတွေက ဒဏ္ဍာရီတွေပဲ၊ အမထောက်အထားရှိလို့လား"

လို့မေးမြန်းလိုက်တော့ ဘွန်အောက ကျွန်ုပ်ကို စိန်ခေါ်တဲ့အမူအယာနဲ့ကြည့်လိုက်ပြီး

"အထောက်အထားမရှိရင် မပြောဘူးဗျ၊ ရဂမ်လူမျိုးတွေသေရင် အသုဘပွဲညမှာ ခေါင်ရည် ကို တဂကြီးသောက်ပြီး သေသူရဲ့ဝိညာဉ်ကို အသက်ရှည်ရေကန်ကို ပြန်ပို့ဖို့ "ရန်စန်" အသုဘ သီချင်းကိုသီဆိုကြတယ်၊ ကျုပ်ကတော့ မဂ္ဂျန်ရှိန်ရာဘွန်ဆိုတာ ခါကာဘိုရာဇီတောင်ကြီး လို့ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ခါကာဘိုရာဇီတောင်ကိုရောက်တုန်းက တောင်ခြေမှာ အသက်ရှည်ဆေးပင်လို့ ယူဆရတဲ့ ဆေးပင်တွေအမှာကြီးတွေ့ခဲ့တယ်၊ တောင်ဂမုန်းဥလို့ခေါ်တဲ့ မချစ်ဥတွေလည်း ခါကာဘိုရာဇီတောင်ခြေမှာ တော်တော်များများတွေ့ရတယ်"

ဘွန်အောစကားကြောင့် ကျွန်ုပ်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မိတယ်။ကြေးပုရပိုဒ်ထဲက ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေ မှန်ကန်ကြောင်း တဖြည်းဖြည်း ထင်ရှားလာပြီး ဒီအရပ်မှာ တန်ခိုးရှင်ဘုရင်မဆိုတဲ့ မိန်းမရှိတာ သေချာနေပြီ။ ကျွန်ုပ်တို့ လာရကျိုးနပ်ပြီပေါ့။

နောက်တစ်နေ့မှာ ဘွန်အောက

"ကျုပ်တို့ ဒီနေ့ ဂိုယားဒပ်ဆိုတဲ့ရွာကြီးကို ကျော်ပြီးတာနဲ့ တောင်ဆင်းလမ်းတွေပဲ ရှိတော့တယ်"

လို့ပြောတယ်။ ကျွန်ုပ်တို့ ဂိုယားဒပ်ရွာကိုရောက်တော့ခဏနားပြီး ရှန်ခမြစ်ကို တူးဖို့ ဝါးဖောင်တွေကို ရွာသားတွေ အကူအညီနဲ့ ဝိုင်းလုပ်ကြတယ်။ ရွာသားတွေကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ကျွန်ုပ်က ဆားနဲ့ အသားဘူးတွေကို ပြန်ပေးတယ်၊ ဒီဒေသမှာ ဆားအလွန်ရှားတော့ ရွာသားတွေ အလွန်ဝမ်းသာနေပုံရတယ်၊ ကျွန်ုပ်တို့ဟာ ရေစီးအလွန်သန်တဲ့ ရှန်ခမြစ်ကို ဝါးဖောင်နဲ့ကူးရင်း ဘွန်အောက

"ရှန်ခမြစ်ကို ကျော်ပြီးရင် နောင်မွန်းရွာကြီးကို ရောက်ပြီ၊ နောင်မွန်းကနေ ပန်နန်ဒင်းကို ရောက်ရင် ကျုပ်တို့ခရီးလမ်းဆုံးပြီ၊ ခင်ဗျားတို့နဲ့ လမ်းခွဲရတော့မယ်"

လို့ပြောတော့ ကျွန်ုပ်တို့ ရင်ခုန်နှုန်းတွေ မြန်ဆန်လာတယ်။ တန်ခိုးရှိုင်မနဲ့တွေဖို့ တဖြည်းဖြည်း နီးနီးလာပြီလေ။

နောင်မွန်းမှ ၃၁ မိုင်ဝေးရာ ပန်နန်ဒင်းကို ချောက်ကမ်းပါးကြားမှအသည်းတထိတ်ထိတ် သွားခဲ့ရတယ်၊ ပန်နန်ဒင်းဟာ ကျွန်ုပ်တို့ရဲ့ခရီးဆုံးရာအရပ်ဖြစ်သလို ဝန်တင်လားလမ်းဆုံးရာ အရပ်ပဲဖြစ်တယ်၊ လမ်းပြဘွန်အောက

"ကျုပ်တို့ခရီးလမ်းဆုံးပြီ၊ ဒီနေရာက လမ်းခွဲကြရအောင်"

လို့ပြောပြီး ကျွန်ုပ်တို့လူစုရဲ့မျက်နှာတွေကို တစ်ယောက်ခြင်းလိုက်ကြည့်ပြီး

"ခင်ဗျားတို့ ဒီဒေသကို ဘယ်လိုရည်ရွယ်ချက်နဲ့ရောက်လာသလဲဆိုတာ ကျုပ်မမေးဘူးနော်၊ ဒါပေမဲ့ မိတ်ဆွေတို့ ဂတ္တရားရှိတဲ့အတိုင်း သတိပေးလိုက်မယ်၊ ဒီဒေသမှာ ခင်ဗျားတို့လောဘကို သတ်နိုင်သမျှ သတ်ပါ။ လောဘကို သတ်နိုင်ရင် ခင်ဗျားတို့အသက်ရှည်မယ်"

လို့ပြောလိုက်တယ်။ မောင်နန်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး

“ကျုပ်တို့မှာ ဘာလောဘရှိလို့ သတ်ရမှာလဲ၊

ခင်ဗျားကျုပ်တို့ကို ဘယ်လိုထင်နေလို့လဲ”

လို့မေးမြန်းလိုက်တယ်။ဘွန်အောက ကျွန်ုပ်တို့ကို အထင်သေးဟန်နဲ့ ကြည့်လိုက်ပြီး

“ခင်ဗျားတို့ကို ပူတာအိုမှာတွေ့ကတည်းက ကျုပ် မသင်္ကာလို့ ခင်ဗျားတို့ဆီမှာ လမ်းပြ အဖြစ်လိုက်ခဲ့တာပဲ၊ ခင်ဗျားတို့ ဒေသခံလူရိုင်းတွေဆီက ရွှေတွေကို နယ်စပ်က တရုတ်လူဆိုးတွေ လည်း နှစ်စဉ်လာပြီးလုလေ့ရှိတယ်”

လို့ဆိုတော့ ဘွန်အော ကျွန်ုပ်တို့ကို အထင်မှားနေကြောင်း သိလိုက်ရတယ်။ ကျွန်ုပ်က ဘွန်အောကို လက်ကာပြပြီး

“မင်းငါတို့ကို အထင်မှားနေပြီ၊ ငါတို့က ရွှေတွေကို စိတ်မဝင်စားဘူး”

လို့ဆိုလက်တော့ ဘွန်အောက အံ့သြဟန်နဲ့

“လောကမှာ ရွှေကို စိတ်မဝင်စားတဲ့ သူရှိလို့လားဗျာ၊ နားရှိလို့သာကြားရတယ်”

လို့ပြောတော့ မောင်နန်းဝေက တည်ကြည်တဲ့ မျက်နှာနဲ့

“ကျုပ်တို့ ဒီကိုရောက်လာတာ ရွှေအတွက်မဟုတ်ဘူး၊ ဒီမှာ လောကမှာ ရွှေထက်တန်ဘိုးရှိ တာ ထူးခြားဆန်းကြယ်မှုပဲ၊ ကျုပ်တို့ရင်ထဲမှာ အမြဲလိုချင်တာ ထူးခြားဆန်းကြယ်မှုပဲ၊ အဲဒီ ထူးခြား ဆန်းကြယ်မှုအတွက် ဒီကိုရောက်လာတာ၊ ရှင်းရှင်းပြောပြရင် တန်ခိုးရှင် မိန်းမတစ်ယောက်ကို တွေ့ချင်လို့ပဲ“

လို့ဆိုလိုက်တော့ ဘွန်အောရဲ့မျက်နှာအကြီးအကျယ် ပျက်ယွင်းသွားတယ်။ ဘွန်အောက အသံတုန်တုန်ယင်ယင်နဲ့

“မကြံကောင်း မစည်ရာဗျာ၊ ခင်ဗျားတို့ ငရဲ မရောက်ချင်ရင် မြေပြန့်ကို မြန်မြန်ပြန်ပါဗျာ”

လို့သတိပေးတယ်။ ကျွန်ုပ်က

“ကျွန်ုပ်တို့ ဘာကိုမှ မကြောက်ဘူး။ လူသာမန်တွေ ကြုံခွင့်မရတဲ့ ထူးခြားဆန်းကြယ်မှု တွေကို ကြုံခွင့် ရမယ်ဆိုရင် အသက်ကို ပေးဖို့လည်း ဝန်မလေးဘူး”

လို့ရဲရဲတောက်စကားပြောလိုက်တယ်။ ဘွန်အောက မျက်နှာပျက်ယွင်းသွားပြီး

“ခင်ဗျားတို့ မှားယွင်းနေပြီ၊ ခင်ဗျားတို့တွေ့ချင်တဲ့လူက လူသားစစ်စစ်တစ်ယောက်မဟုတ် ဘူးဗျ။ သူ့မှာ တန်ခိုးစွမ်းအင်တွေရှိတယ်၊ သူ့ရဲ့တန်းခိုးအစွမ်းကို ဘယ်သူမှ ယှဉ်လို့မရဘူး။ အခု သူ့အကြောင်းကိုကျုပ်တို့ပြောပြီး ပတ်ဝန်းကျင်ကို တုန်တုန်ယင်ယင်နဲ့ ငဲ့စောင်းကြည့်တယ်။ ဒီအခါမှာ ကျွန်ုပ်က

“ဒါနဲ့ နေပါဦး၊ကျုပ်တို့တွေ့ချင်တဲ့ တန်ခိုးရှင်မ ဆိုတာ ဒီအရပ်မှာ အမှန်တကယ်ရှိတယ်ပေါ့၊ သူဘယ်မှာလဲ”

လို့မေးမြန်းလိုက်တယ်။ ဘွန်အောက အထိတ်တလန့်နဲ့ လက်ကာလိုက်ပြီး

“အမလေး…ဒီအကြောင်းတွေကို ကျုပ်ကိုလာ မမေးပါနဲ့၊ ကျုပ်မပြောရဲဘူး၊ ဒီအကြောင်းတွေ သူ့နား ပေါက်ကြားသွားရင် အရှင်လတ်လတ် ငရဲရောက်သွားလိမ့်မယ်”

လို့ ပြောတယ်။ မောင်နန်းဝေက ဝင်ပြီး

“သေတစ်နေ့ မွေးတစ်နေ့ပဲဗျာ၊ ဒီလောက်လည်း ကြောက်မနေပါနဲ့၊ ခင်ဗျားယောကျ်ား မဟုတ်ဘူးလား”

လို့ မခံချင်အောင် ပြောဆိုလိုက်တော့ ဘွန်အောမျက်နှာ

သွေးဆုတ်သွားပြီး

“သူ့ကို လူသာမန်တွေလို တွေးလို့မရဘူး။ သူဟာ သက်ရှိထင်ရှား နတ်ဘုရားတစ်ပါးဗျ။ ဒါကြောင့် ကျုပ်တို့ အရမ်းကြောက်ရတယ်၊ကျုပ်ကို သရဲဘောကြောင်တယ်လို့ ဆိုချင်ဆို၊ ကျုပ်တော့ မနေဝံ့တော့ဘူး၊ ပြေးပြီဗျို့ ခင်ဗျားတို့မျက်နှာကို နောက်ဆုံးအနေနဲ့မြင်ခွင့်ရတာ စိတ်မကောင်းပါဘူးဗျာ”

လို့ဆိုလိုက်တော့ လိပ်ပုက ထိတ်လန်ဟန်နဲ့

“ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ ဒီစကားပြောတာလဲ”

လို့မေးမြန်းလိုက်တယ်။ ဘွန်အောက ကျွန်ုပ်တို့ကို စိတ်မကောင်းဟန်နဲ့ကြည့်ပြီး

“ခင်ဗျားလို့ လူ့လောကမှာ ကြာကြာမရနေဘူးဆိုတာ ကျုပ်သိနေတယ်၊ အခုလိုပြောမိတာ စိတ်မဆိုးပါနဲ့ဗျာ၊ ကျုပ်တော့ပြေးပြီ”

လို့ပြောပြီး စကားမဆုံးမီ ကျွန်ုပ်တို့ ရှေ့ကပြေးထွက်သွားတယ်။ မောင်နန်းဝေက ခေါင်းခါယမ်းပြီး

“ဘွန်အောလို အသိဉာဏ်ရှိတဲ့ လူတစ်ယောက်က ဘာဖြစ်လို့ ဒီလောက်ကြောက်နေရ တာလဲ”

လို့နားမလည် ဟန်နဲ့ ရေရွတ်လိုက်တယ်။ လိပ်ပုက ထိတ်လန့်ဟန်နဲ့

“ဒီမိန်းမကြီးက ကြောက်စရာသိပ်ကောင်းနေလို့ ဖြစ်မှာပေ့ါ၊ ကျုပ်တော့ ကြောက်လာပြီ”

လို့ပြောတယ်။

ကျွန်ုပ်က သက်ပြင်းချလိုက်ပြီး

“ငါတို့အန္တရာယ်နဲ့ သိပ်နီးနေပြီ၊ သတိထားပေတော့၊ ပုရိပုဒ်ထဲက

မှတ်တမ်းတွေအရ ရှေ့ဆက်သွားရင် တိဘက်-မြန်မာနယ်စပ် “ဒိုင်ဖုတ်လခါး” တောင်ကြားကိုရောက်ပြီ၊ ငါလေ့လာထားတဲ့ မှတ်တမ်းတွေအရ ဒီဒေသဟာ ကမ္ဘာပေါ်မှာ အထူးဆန်းဆုံးဒေသပဲ၊ ဒီဒေသကို လူသာမန်တွေမရောက်နိုင်ဘူး။ ဒီဒေသမှာ လူသားစားလူရိုင်းတွေလည်းရှိတယ်လို့ကြားဖူးတယ်၊ နောက်ပြီး အရှားပါး အလှျို့ဂှက်ဆုံး အသက်ရှည်ဆေးပင်ဆေးမြစ်တွေလည်းရှိတယ်”

လို့ပြောတော့ မောင်နန်းဝေက စိတ်အားတက်ကြွဟန်နဲ့

“ကျုပ်တို့ပုရိပုဒ်ထဲက အရပ်ကိုတကယ်ရောက်နေပြီပေါ့”

လို့ လေသံတီးတိုးနဲ့ပြောတယ်။ ကျွန်ုပ်တို့အားလုံး စိတ်လှုပ်ရှားပြီး ရင်တွေ တထိတ်ထိတ် ခုန်နေတယ်။ ဒီအရပ်ရဲ့ထူးခြားမှုတစ်ခုကတော့ ရေမြေတောတောင် သစ်ပင်ပန်းမာန်တွေအားလုံး ပြောင်းလဲသွားသလို ခံစားရတယ်။ ကျွန်ုပ်တို့ဟာ ထူးခြားဆန်းကြယ်တဲ့ နယ်ပယ်ထဲကို စိတ်လှုပ် ရှားစွာနဲ့ တရွေ့ရွေ့ ဝင်ရောက်သွားတယ်။ ညနေစောင်းတဲ့အခါ ထူးခြားလှပတဲ့ အဝါရောင် ပန်းတွေ ဖူးပွင့်နေတဲ့ အရပ်ကိုရောက်သွားတယ်။ ကျွန်ုပ်တို့ဟာ ဒီအရပ်မှာ ညအိပ်ဖို့ ဆုံးဖြတ် လိုက်တယ်။

ဒါပေမယ့် ကျွန်ုပ်တို့အားလုံး အိပ်မပျော်နိုင်ဘဲ တလူးလူး တလွန့်လွန့် ဖြစ်နေပြီး ညအတော်နက်မှအိပ်ပျော်သွားကြတယ်။

နံနက်စောစော ကျွန်ုပ်အိပ်ရာနိုးတော့ ကျွန်ုပ်ရှေ့မှာ ရပ်ကြည့်နေတဲ့ လူရိုင်းတစ်ယောက်ကို ဘွားခနဲတွေ့လိုက်လို့ အတော်ထိတ်လန့်သွားတယ်။ လူရိုင်းရဲ့လက်ထဲမှာ အလွန်ကြီးမားတဲ့ ပုဆိန် ကြီးတစ်လက် ကိုင်ထားတယ်။ ကျွန်ုပ်ဟာ လန့်ဖြန့်ပြီး မောင်နန်းဝေနဲ့လိပ်ပုကို အော်ခေါ်လိုက် တော့ လူရိုင်းက လက်ထဲက ပုဆိန်နဲ့ရွယ်လိုက်တယ်။

ဒီအခါမှာ မောင်နန်းဝေနဲ့ လိပ်ပုလည်း အိပ်ရာမှလန့်နိုးလာပြီး အနီးပတ်ဝန်းကျင်မှာ လက်နက်ကိုင်ထားတဲ့ လူရိုင်းတွေကိုမြင်တော့

တုန်လှုပ်ချောက်ချားသွားကြတယ်၊ ကျွန်ုပ်က မောင်နန်းဝေ ဘက်ကိုလှည့်ပြီး

“မင်းတို့မကြောက်ကြနဲ့၊ အခြေအနေကြည့်ပြီး

အိတ်ထဲက သေနတ်တွေကို ထုတ်ပြီးခုခံကြမယ်”

လို့သတိပေးလိုက်တယ်။ ဒီအချိန်မှာ လူရိုင်းအကြီးအကဲကျွန်ုပ်တို့ကို ကြည့်ပြီး ပါဠိဘာသာနဲ့

“အသင်တို့ ဘာကြောင့် သူတစ်ပါးနယ်မြေကို ကျူးကျော်လာသလဲ”

လို့မေးလိုက်တော့ လူရိုင်းတွေ ပါဠိဘာသာကို အသုံးပြုကြောင်း သိရလို့ ကျွန်ုပ်တို့ စိတ်သက်သာရာ ရသွားတယ်။ ကျွန်ုပ်က လူရိုင်းအကြီးအကဲကို ပါဠိဘာသာနဲ့ ကျွန်ုပ်တို့ဟာ ခရီးသည်များဖြစ်ပြီး ဒီအရပ်ကို မျက်စိလည် လမ်းမှားပြီးရောက်လာခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြခဲ့တယ်။

***